
3S

mgyoe.com

# သင့်စိတ်ကို သင်ပိုင်နည်း

ဂျွန်
ဆီလျော်အောင်
အကျဉ်းဖြန့်ဆိုသည်။



mgyoe.com

mgyoe.com



# သင့်စိတ်ကို သင်ပိုင်နည်း

**HOW TO OWN YOUR OWN MIND**

Napoleon Hill

AH0156

1,500.00KS

mgyoe.com

mgyoe.com

| | |
|---|---|
| ထုတ်ဝေသူ | · ဒေါ်သီတာမြင့်၊ |
| | · စာစည်းစိမ်စာပေ(၀၂၇၇၅)၊ |
| | · အမှတ်(၂၁)၊လှော်ရွေးဝင်းလမ်း၊ |
| | · (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်။ |
| ပုံနှိပ်သူ | · ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊ |
| | · ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၂၀၊ ဇူလိုင်လ၊

ရွှန်/
သင့်စိတ်ကို သင် ပိုင်နည်း
စာမျက်နှာ ၁၁၉ မျက်နှာ၊
၁၂.၈ စင်တီ× ၁၉ စင်တီ

mgyoe.com

mgyoe.com

# သင့်စိတ်ကို သင် ပိုင်နည်း

နပိုလီယန်ဟေးလ်၏
**HOW TO OWN YOUR OWN MIND** ကို
ဆီလျော်အောင်ပြန်ဆိုသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင် ၁

၂။ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း ၂၆

၃။ အစီအစဉ်ကျနသော စဉ်းစားတွေးခေါ်မှု ၄၀

၄။ အာရုံစူးစိုက်နိုင်စွမ်းရှိသောစွမ်းရည် (သို့) ထိန်းချုပ်ထားနိုင်သောအာရုံစူးစိုက်မှုများ ၈၉


❐

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## အခန်း – ၁
## ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်

လူသားတွေဟာ သူတို့ရဲ့ဘဝတိုးတက်မှုအခြေအနေအရပ်ရပ်နှင့်ဆိုင်သော ကိစ္စကြီးငယ်မှန်သမျှအား စိတ်ကူးအတွေးအာရုံထဲမှာ ပုံဖော်သုံးသပ်တတ်လေ့ရှိကြတယ်လို့ အတွေးအခေါ်ပညာရှင်တစ်ယောက်က ဆိုပါတယ်။

နောက်ထပ် အတွေးအခေါ်ပညာရှင်တစ်ယောက်ကတော့ လူသားရဲ့စိတ်ဝိညာဉ်ထဲမှာ မျှော်လင့်ချက်တွေ၊ အလိုဆန္ဒတွေက ရုပ် ပိုင်းဆိုင်ရာပြီးပြည့်စုံမှုအတွက် အမိကပုံဖော်နေတယ်လို့ ဆိုပါတယ်။

ဤအခန်းဟာ ၁၉၀၈ ခုနှစ်အတွင်းက 'အင်ဒရူးကာနေဂျီ' ရဲ့ ကိုယ်ပိုင်လေ့လာချက်တွေကို ဖော်ပြထားတဲ့အခန်းဖြစ်ပါတယ်။

ထိုကာလအတွင်း စာရေးသူ ကျွန်ုပ် 'နပိုလီယန်ဟေး' ဟာ ကျောင်းသားတစ်ပိုင်း သတင်းထောက်တစ်ပိုင်းဖြစ်ခဲ့ပြီး 'အင်ဒရူးကာနေဂျီ' နှင့် အပြန်အလှန်ဆွေးနွေးမှုတွေ အောက်ပါအတိုင်း ပြုလုပ်ဖြစ်ခဲ့ပုံကို ဖော်ပြပေးလိုပါတယ်။

mgyoe.com

mgyoe.com


**ဟေး**။ ။ 'မစ္စတာကာနေဂျီ၊ ဖန်တီးနိုင်စွမ်းရှိတဲ့ အတွေးအမြင်ဆိုတာဟာ လူတစ်ဦးချင်းအလိုက် တိုးတက်အောင်မြင်စေဖို့အတွက် အရေးပါတဲ့ စည်းမျဉ်းစည်းကမ်းတွေဖြစ်တယ်လို့ ခင်ဗျားပြောခဲ့တယ်နော်၊ ဒီတော့ အဲဒီစည်းမျဉ်းစည်းကမ်းကို ခွဲခြမ်းစိတ်ဖြာပြီး အဲဒီထဲက ဘယ်တစ်ခုကို လက်တွေ့အသုံးချရမယ်ဆိုတာကို ရှင်းပြပေးစေချင်တယ်'

**ကာနေဂျီ**။ ။ 'ပထမဆုံးအနေနဲ့ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်အမှန်ကိုသိအောင် ကြိုးစားဖို့ လိုအပ်ပါတယ်'

"တကယ်တော့ ဖန်တီးနိုင်စွမ်းရှိတဲ့ အတွေးအမြင်ဆိုတာဟာ စိတ်ကူးပုံဖော်ခြင်း အဓိပ္ပာယ်သက်သက်သာမဟုတ်ဘဲ အခွင့်အရေးကောင်းများကို အသိအမှတ်ပြုခြင်း၊ အခြားသူတွေဆီကနေ အကျိုးအမြတ်ရရှိမယ့်ကိစ္စများကို ဆောင်ရွက်လိုခြင်းဆိုတဲ့အဓိပ္ပာယ်ကိုပါ ရည်ညွှန်းနေတာ တွေ့ရပါတယ်။

ဖန်တီးနိုင်စွမ်းရှိတဲ့ အတွေးအမြင်ကို သင်က ရှင်းရှင်းလင်းလင်း နားလည်ပြီဆိုရင် ဖန်တီးနိုင်စွမ်းရှိတဲ့ အတွေးအမြင်ရဲ့ အရေးပါသော အစိတ်အပိုင်းဆိုတာဟာ "စိတ်ကူးစိတ်သန်းတွေကို လက်တွေ့ အသုံးချခြင်း" ဆိုတဲ့ သဘောကို သေချာနားလည်သွားပါလိမ့်မယ်"

'စိတ်ကူးစိတ်သန်း' ကို အခြေခံအားဖြင့် နှစ်မျိုးခွဲခြား လေ့လာနိုင်တယ်။

တစ်ခုကတော့ **တုပဖန်တီးလုပ်ယူမှုပါတဲ့ စိတ်ကူးစိတ်သန်းနဲ့ နောက်တစ်ခုကတော့ ဖန်တီးနိုင်စွမ်း (ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် အကောင်အထည်ဖော်လုပ်ကိုင်နိုင်စွမ်း) ရှိတဲ့ စိတ်ကူးစိတ်သန်းပါပဲ။ တုပဖန်တီးလုပ်ယူမှုပါတဲ့ စိတ်ကူးစိတ်သန်း** ထဲမှာ စိတ်ကူးအတွေးအခေါ်တွေကို အသိအမှတ်ပြုခြင်း၊ အယူအဆ၊ အမြင်

mgyoe.com

mgyoe.com


သဘောထားများကို လက်ခံအသိအမှတ်ပြုခြင်း၊ အစီအစဉ်ကောင်းများ ရေးဆွဲခြင်း၊ အချက်အလက်များကို တန်ဖိုးထား အရေးယူဆောင်ရွက်ခြင်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း အစီအစဉ်သစ်များကို လက်ခံကြိုဆိုခြင်းသဘောတွေ ပါဝင်လေ့ရှိပါတယ်။

ဖန်တီးနိုင်စွမ်းရှိသော စိတ်ကူးစိတ်သန်း (ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် အကောင်အထည်ဖော် လုပ်ကိုင်နိုင်စွမ်းရှိသော စိတ်ကူးစိတ်သန်း) မှာတော့ ကိုယ်ပိုင်ပြီးပြည့်စုံမှုဖြစ်စေတဲ့ အရင်းအမြစ်ကောင်းတွေ တစ်ပါတည်း ပါရှိနေပြီးဖြစ်ပါတယ်။

ဖန်တီးနိုင်စွမ်းရှိသော စိတ်ကူးစိတ်သန်းတွေ ထုတ်လုပ်လေ့ရှိတဲ့ သူတွေဟာ အရာရာလက်တွေ့ကျမှု၊ သဘာဝကျပြီး ယုတ္တိရှိမှု၊ သိပ္ပံနည်းကျစဉ်းစားတွေးခေါ်ပြီးမှ လက်ခံယုံကြည်အတည်ပြုမှုဆိုတဲ့ အရည်အသွေးကောင်းတွေကို ပိုင်ဆိုင်ထားတတ်ကြပါတယ်။

နောက်ပြီး သူတို့လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်လိုတဲ့ ကိစ္စတွေကိုလည်း သူတို့ရဲ့မသိစိတ်အတွင်း အမြဲကိန်းဝပ် ရှင်သန်စေတတ်သူတွေလည်း ဖြစ်ပါတယ်။

တစ်ခါတစ်ရံ သိပ္ပံလောကနယ်ပယ်ရဲ့စံသတ်မှတ်ချက်တွေထက် ကျော်လွန်တဲ့စွမ်းဆောင်ရည် မြင့်မားမှုတွေကိုပါ ပိုင်ဆိုင်ထားတတ်ကြပါတယ်။ ဒါကြောင့် သူများတွေနဲ့မတူသော စဉ်းစားတွေး ခေါ်ယူဆပုံတွေ ရှိခြင်း၊ စိတ်ကူးသစ်တွေကို မှန်ကန်စွာ အဓိပ္ပာယ်ဆိုပြီး လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်းဆိုတဲ့ စွမ်းရည်တွေကိုပါ ပိုင်ဆိုင်ထားတတ်ကြပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဖန်တီးနိုင်စွမ်းရှိတဲ့ အတွေးအမြင်ဆိုတာဟာ ဖန်တီးနိုင်စွမ်းရှိတဲ့ စိတ်ကူးစိတ်သန်းရှိထားမှသာ ဖြစ်နိုင်မယ်လို့ ယူဆပါတယ်။

mgyoe.com

mgyoe.com


**ဟေး**။ ။"ဒါဆိုရင် စိတ်ကူးစိတ်သန်းပုံစံနှစ်မျိုးထဲက ဘယ်တစ်မျိုးကို သာမန်လူတန်းစားတွေ အသုံးပြုသင့်ပြီး၊ ဘယ်တစ်မျိုးကိုတော့ စီးပွားရေး စွမ်းဆောင်ရှင့်တွေက အသုံးပြုသင့်ပါသလဲ"

**ကာနေဂျီ**။ ။"တုပ ဖန်တီး လုပ်ယူမှုပါတဲ့ စိတ်ကူးစိတ်သန်းကိုတော့ ဘယ်လိုလူတန်းစားထဲကပဲဖြစ်ဖြစ် အများဆုံး အသုံးပြုလေ့ရှိတတ်တယ်။ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းရှိတဲ့ စိတ်ကူးစိတ်သန်းကိုတော့ မိမိရရှိထားတဲ့ သာမန်မဟုတ်သောကျွမ်းကျင်မှုတွေကို လက်တွေ့အသုံးချချင်တဲ့သူလောက်သာ အနည်းစုအဖြစ် အသုံးချလေ့ရှိပါတယ်"

**ဟေး**။ ။"သင်ပေးတဲ့ဥပမာအရဆို စိတ်ကူးစိတ်သန်းအမျိုးအစားနှစ်ခုလုံးကို တစ်မျိုးစီ အားသာချက်ရရှိအောင် အသုံးချသင့်တယ်လို့ ဆိုလိုချင်တာလား။ စိတ်ကူးစိတ်သန်းတစ်မျိုးစီအတွက် လိုက်နာရမယ့် စည်းကမ်းချက်တွေရှိရင်လည်း လူတိုင်းအတွက် နားလည်လက်ခံနိုင်မှုတွေ ရရှိနိုင်ပါသလား"

**ကာနေဂျီ**။ ။"ကောင်းပြီ၊ သောမတ်စ်အယ်ဒီဆင်ရဲ့ စွမ်းဆောင်ချက်တွေကို ကျွန်တော်တို့ တစေ့တစောင်း လေ့လာကြရအောင်… သောမတ်စ်အယ်ဒီဆင်ရဲ့ တိုးတက်အောင်မြင်မှုတွေကို လေ့လာရင် သူဟာစိတ်ကူးစိတ်သန်း အမျိုးအစားနှစ်ရပ်စလုံးကို ဘယ်လိုအသုံးချခဲ့တယ်ဆိုတဲ့ အချက်ကို အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။

သို့သော်လည်း သောမတ်စ်အယ်ဒီဆင် မကြာခဏအသုံးပြုသော စိတ်ကူးစိတ်သန်းကတော့ တုပဖန်တီးလုပ်ယူမှုပါတဲ့ စိတ်ကူးသန်းပုံစံပဲ ဖြစ်ပါတယ်"

"အယ်ဒီဆင်ဟာ တုပဖန်တီးလုပ်ယူမှုပါသော စိတ်ကူးစိတ်သန်းနှင့် ဖန်တီးနိုင်စွမ်းပါသော စိတ်ကူးစိတ်သန်းနှစ်ခုစလုံးအား ပေါင်းစပ်အသုံးပြုခဲ့တဲ့ ထူးခြားသော စွမ်းဆောင်ရည်ရှိတဲ့သူတစ်ယောက်ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


အယ်ဒီဆင်ဟာ စိတ်ကူးစိတ်သန်းနှစ်ရပ်စလုံးကို လက်တွေ့အသုံးချခဲ့သူဖြစ်တာကြောင့် သူ့ရဲ့ပထမဦးဆုံး လျှပ်စစ်မီးသီးတီထွင်ထုတ်လုပ်မှုဟာ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ လူတွေအားလုံးကို စိတ်အာရုံဝင်စားအောင် ဆွဲဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ တကယ်တော့ မစ္စတာအယ်ဒီဆင်ဟာ သူကိုယ်တိုင်စိတ်တိုင်းမကျတဲ့ စိတ်ကူးစိတ်သန်းပေါင်းတစ်သောင်းကျော်လောက်ကို အမျိုးမျိုးပေါင်းစပ်ပြီး သူ့ရဲ့တီထွင်မှုကို အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့ပါတယ်"

**ဟေး**။ ။ "ဒါနဲ့ တစ်ခုလောက်မေးပါရစေ မစ္စတာကာနေဂျီ…၊ မစ္စတာအယ်ဒီဆင်က သူ့ရဲ့စိတ်ကူးပေါင်း တစ်သောင်းကျော်လောက်ကို စိတ်တိုင်းမကျဘူးဆိုတော့ သူက အကြိမ်တစ်သောင်းလောက်အထိ ကျရှုံးမှုနဲ့ ရင်ဆိုင်ခဲ့ရတယ်လို့ ဆိုချင်တာလား"

**ကာနေဂျီ**။ ။ "ဟုတ်တယ်၊ ကျုပ်ပြောချင်တာ အဲဒီအချက်ပါပဲ၊ အောင်မြင်လိုတဲ့သူတွေဟာ သူတို့ရဲ့စိတ်ကူးစိတ်သန်းတွေ တစ်ခုပြီးတစ်ခု ထုတ်ပြီး ရင်ဆိုင်ကြုံတွေ့ရတဲ့ပြဿနာကို ဖြေရှင်းဖို့ ကြိုးစားတတ်ကြတယ်။

အယ်ဒီဆင်က သူကိုယ်တိုင် ယုံကြည်တဲ့မှုအရ… အကောင်းဆုံးဖြစ်အောင် စွမ်းဆောင်ပြခဲ့တယ်။ သူ့ကိုယ်ပိုင်မှုက နှစ်မျိုးရှိတယ်။ စိတ်ကူးစိတ်သန်းတွေကတစ်ဆင့် ဖြစ်တည်လာတဲ့မှုတွေပေါ့။

ပထမမှုကတော့ လျှပ်စစ်စွမ်းအင်ရရှိဖို့အတွက် ဝါယာကြိုးအစနှစ်ဘက်ကို အသုံးပြုပြီး အပူရှိန်ရလာတဲ့အခါ အဲဒီကတစ်ဆင့် မီးအလင်းရောင်ထုတ်လွှတ်မှုရရှိအောင် ကြိုးစားတဲ့မှုဖြစ်တယ်။

ဒုတိယမှုကတော့ မီးအလင်းရောင်ရစေတဲ့ အပူဓာတ်ကို ဘယ်လိုထိန်းချုပ်မလဲဆိုတဲ့အပေါ် အဖြေရှာနိုင်ဖို့ပဲ ဖြစ်ပါတယ်။

အယ်ဒီဆင်ဟာ လျှပ်စစ်မီးသီး မီးအိမ်တွေနဲ့ မီးအလင်းရောင်

mgyoe.com

mgyoe.com


ရရှိဖို့ ကြိုးစားနေစဉ်အတွင်း ရှေ့ပိုင်းမှာကတည်းက အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ယနေ့ခေတ် လျှပ်စစ်မီး အပူကို ထိန်းချုပ်တဲ့အရာတွေထက် ရှေးကျတဲ့ ထိန်းချုပ်မှုစနစ်ကို စိတ်ကူးစိတ်သန်းကောင်းတွေနှင့်အတူ ရှာတွေ့ပြီးနောက်မှာတော့ အောင်မြင်မှုတွေ ဆက်တိုက်ရရှိခဲ့ပါတယ်။ ဒါကြောင့် အယ်ဒီဆင်ဟာ စိတ်ကူးစိတ်သန်းအမျိုးအစားနှစ်ခုစလုံးကို လက်တွေ့အသုံးချပြီး ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်တွေနဲ့ အောင်မြင်မှု ရယူနိုင်ခဲ့သူတစ်ယောက်လို့ ဆိုနိုင်ပါတယ်။

ဘယ်လောကနယ်ပယ်ကလူတွေဖြစ်စေ ဖန်တီးနိုင်စွမ်းရှိတဲ့ အတွေးအမြင်တွေပိုင်ဆိုင်ထားနိုင်ပြီဆိုရင် ကိုယ့်စိတ်ကိုယ်ပိုင်ပြီး ရည်မှန်းထားတဲ့အခြေအနေတိုင်းကို ကျော်လွှန်ပြီး အောင်မြင်မှုတွေ ရရှိမှာဖြစ်တယ်"

**ဟေး**။ ။"မစ္စတာကာနေဂျီရဲ့ပြောပုံအရဆိုရင် မစ္စတာအယ်ဒီဆင်ဟာ သူ ကြုံတွေ့ရတဲ့ပြဿနာရဲ့အဖြေကို ရှာတွေ့ဖို့အတွက် မဆုတ်မနစ်တဲ့ ဇွဲထားရှိမှုကို မရှိမဖြစ်တဲ့ အရင်းအမြစ်တစ်ခုအဖြစ် အသုံးချခဲ့တယ်လို့ ကျွန်တော်ကောက်ချက်ချရတော့မှာပေါ့"

**ကာနေဂျီ**။ ။ "ဟုတ်ပါတယ်၊ အယ်ဒီဆင်က သူ့ရည်မှန်းချက် အောင်မြင်ထမြောက်ဖို့ သူ့ရဲ့သုတေသနလုပ်ငန်းတွေကို အကောင်းဆုံး လုပ်ဆောင်တယ်။ တိုးတက်အောင်မြင်လိုသူတွေ လိုက်နာသင့်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို သေချာစွာ လိုက်နာတယ်။

သူ့ရည်မှန်းချက်အောင်မြင်ဖို့ ကြိုးစားနေစဉ်ကာလအတွင်းမှာ စိုးရိမ်ထိတ်လန့်မှု၊ မငံ့မရဲကြောက်ရွံ့မှုတွေ လုံးဝမရှိဘဲ သံသယစိတ် ကင်းကင်းနဲ့ လုပ်ကိုင်ဆောင်ရွက်ခဲ့သူဖြစ်တယ်။ သူ့ဆီမှာ မလိုအပ်တဲ့ အနှောင့်အယှက်အဟန့်အတားဖြစ်စေတဲ့ စိတ်ခံစားမှုတွေ လုံးဝမရှိခဲ့ဘဲ ခိုင်မာတဲ့ ဆုံးဖြတ်ချက်တွေ မဆုတ်မနစ်တဲ့ ဇွဲလုံ့လတွေသာ မြဲမြဲခဲ့တယ်။

mgyoe.com

mgyoe.com


သူဟာ အကြိမ်ပေါင်း ၁၀၀၀၀ ကျော်လောက် ကျရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပေမဲ့ သူ့စိတ်ကို သူပိုင်နိုင်ပြီး ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်တွေနဲ့ ဆက်လက်ကြိုးစားအောင်မြင်ခဲ့သူဖြစ်တာ တွေ့ရတယ်။ တကယ်တော့ မစ္စတာအယ်ဒီဆင်ဟာ သူ့ရဲ့ ယုံကြည်မှုကို လက်တွေ့အသုံးချဖို့အတွက် သူ့စိတ်ကို အကောင်းဆုံး ပြင်ဆင်ထားနိုင်ခဲ့သူတစ်ယောက်ဖြစ်ပါတယ်"

**ဟေး**။ ။ "မစ္စတာအယ်ဒီဆင်ရဲ့ တီထွင်မှုတွေဟာ တုပဖန်တီးလုပ်ယူမှုပါသော စိတ်ကူးစိတ်သန်းနဲ့ ကိုယ်ပိုင်ဉာဏ်စွမ်းနဲ့ ဖန်တီးနိုင်စွမ်းရှိတဲ့ စိတ်ကူးစိတ်သန်းဆိုတဲ့ စိတ်ကူးစိတ်သန်းနှစ်မျိုးစလုံးကို ပေါင်းစပ်အသုံးပြုထားတယ်လို့ ဆိုနိုင်ပါသလား"

**ကာနေဂျီ**။ ။'မစ္စတာအယ်ဒီဆင်က သူ့ရဲ့တီထွင်ဖန်တီးမှုတွေကို တုပဖန်တီးလုပ်ယူမှုပါသော စိတ်ကူးစိတ်သန်းတွေနဲ့ အဓိကအသုံးပြု စတင်ခဲ့ပေမဲ့ လက်တွေ့စမ်းသပ်ချက်တွေ အောင်မြင်ဖို့နဲ့ တီထွင်မှုတွေကောင်းမွန်စွာ လက်စသတ်နိုင်ဖို့အတွက် ကိုယ်ပိုင်ဉာဏ်စွမ်းနဲ့ ဖန်တီးနိုင်စွမ်းရှိတဲ့ စိတ်ကူးစိတ်သန်းတွေကို ဆက်လက်အသုံးချရပါတယ်။

အယ်ဒီဆင်က သူ့တီထွင်မှုမတိုင်ခင် ဘယ်သူမှမတီထွင်ဖူးသေးတဲ့ တီထွင်မှုတွေ ပြုလုပ်ဖို့ စိတ်ကူးကောင်းတွေကို ပိုင်ဆိုင်ထားတယ်လေ'

**ဟေး**။ ။ "မစ္စတာအယ်ဒီဆင်က စကားပြောစက်လည်း တီထွင်ထုတ်လုပ်ခဲ့သေးတယ်။ သူက အဲဒီလိုထုတ်လုပ်နိုင်ဖို့အတွက် ဖန်တီးနိုင်စွမ်းပါတဲ့ စိတ်ကူးစိတ်သန်းတွေကို အသုံးချခဲ့တာပေါ့၊ ဟုတ်လား"

**ကာနေဂျီ**။ ။ "နည်းပညာကတော့ အလွန်ရိုးရှင်းပါတယ်။ အယ်ဒီဆင်ဟာ သူ့ရဲ့မသိစိတ်အတွင်း ကိန်းဝပ်နေတဲ့စိတ်ကူးကောင်းဖြစ်တဲ့ စကားပြောစက် တီထွင်ရေးကိစ္စကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပါတယ်။

တကယ်တော့ သူ့မသိစိတ်အတွင်းက ရည်မှန်းချက်နဲ့ စိတ်ကူး

mgyoe.com

mgyoe.com


တွေကို သိစိတ်က အသိအမှတ်ပြုလက်ခံပြီး၊ လက်တွေ့အကောင်အထည်ဖော်ခြင်းတွေ ဖြစ်စေခဲ့ပါတယ်"

**ဟေး**။ ။"တီထွင်သူ အယ်ဒီဆင်ဟာ ဖန်တီးနိုင်စွမ်းပါတဲ့ စိတ်ကူးစိတ်သန်းအပေါ် လုံးလုံးလျားလျား အားကိုးခဲ့တယ်လို့ ဆိုချင်တာလား"

**ကာနေဂျီ**။ ။"ဟုတ်ပါတယ်၊ လုံးလုံးလျားလျား မှီခိုအားကိုးခဲ့တာပါ"

**ဟေး**။ ။"ဪ... ဒါနဲ့ မသိစိတ်နဲ့သိစိတ်တို့ရဲ့ ဆက်နွယ်ပတ်သက်မှုကိုလည်း သိပါရစေ... ကာနေဂျီ"

**ကာနေဂျီ**။ ။"မသိစိတ်ထဲမှာ စွဲထင်နေတဲ့ ပြင်းပြတဲ့ အလိုဆန္ဒတွေဟာ သာမန်ဖြစ်ပေါ်လေ့ရှိတဲ့ အလိုဆန္ဒတွေထက် ပိုမိုတိကျ လျင်မြန်မှုရှိစွာနဲ့ ပြုမူလှုပ်ရှားတတ်ကြပါတယ်။ သာမန်အလိုဆန္ဒ သက်သက်လောက်က မသိစိတ်ထဲ စွဲထင်ကိန်းဝပ်နေတတ်ခြင်း မရှိတတ်ပါဘူး။ သာမန်အလိုဆန္ဒနဲ့ ပြင်းပြသောအလိုဆန္ဒတို့အကြား ဆန့်ကျင်ကွဲပြားမှုတွေက လွန်ဆွဲလာသောအခါ လူအများစုက စိတ်ရှုပ်ထွေးမှုတွေ ဖြစ်လာတတ်ပါတယ်။ တကယ်လို့များ လူတစ်ယောက်က မသိစိတ်နယ်ပယ်အတွင်း ပြင်းပြသောအလိုဆန္ဒတွေရှိနေပြီး အဲဒီအလိုဆန္ဒတွေကို သိစိတ်နယ်ပယ်က အသိအမှတ်ပြုလက်ခံပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မယ်ဆိုရင်တော့ အောင်မြင်မှုတွေ ကျိန်းသေရရှိမှာ ဖြစ်ပါတယ်"

**ဟေး**။ ။"အကြိမ်ကြိမ်အခါခါ စဉ်းစားတွေးခေါ်ခြင်းဟာ လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်းတွေအတွက် အရေးကြီးပါသလား၊ ဘာကြောင့်လဲ။

**ကာနေဂျီ**။ ။"အရေးကြီးတာပေါ့၊ ဘာကြောင့်လဲဆိုရင်... အကြိမ်ကြိမ်အဖန်ဖန် စဉ်းစားတွေးခေါ်တာတွေက 'စဉ်းစားတွေးခေါ်ခြင်း

mgyoe.com

mgyoe.com


အလေ့အထ' ကို ကောင်းကောင်းရရှိစေတယ်။ အကြိမ်ကြိမ်အခါခါ စဉ်းစားတွေးခေါ်တတ်တဲ့ အလေ့အကျင့်မြဲလာပြီဆိုရင် ဖန်တီးနိုင်စွမ်း ဖြစ်စေတဲ့ စိတ်ကူးကောင်းတွေ ရရှိစေပါလိမ့်မယ်။

အကြောင်းအရာတစ်ခုကို သင်က အကြိမ်ကြိမ်အခါခါ စဉ်းစားခြင်းကြောင့် သင့်ရဲ့မသိစိတ်ထဲမှာ လက်တွေ့အကောင်အထည် ဖော်နိုင်ဖို့ ကြိုတင်အဖြေထုတ်ထားနိုင်တဲ့အထိ ထူးခြားတဲ့စွမ်းအင်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။

အကယ်၍ သင့်ရဲ့စဉ်းစားတွေးခေါ်မှုတွေက အရမ်းကို လေးနက်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်လိုတဲ့ စိတ်အလိုဆန္ဒတွေကလည်း ပြင်းပြနေမယ်ဆိုရင် သင့်ရဲ့စဉ်းစားတွေးခေါ်မှုတွေနဲ့ စိတ်ဆန္ဒအရ ဖြစ်ပေါ်လာသော စိတ်ခံစားချက်တွေ တစ်ထပ်တည်းကျပြီး သင့်ရည်ရွယ်ချက်ကို အားဖြည့်ဖို့ အရန်သင့်ရှိနေပါလိမ့်မယ်"

**ဟေး**။ ။ "တကယ်လို့များ ဘယ်သူမဆို ဖန်တီးနိုင်စွမ်းပါတဲ့ စိတ်ကူးစိတ်သန်းတွေကို အသုံးချမယ်ဆိုရင်... သူတို့မှာရှိတဲ့ မသိစိတ်နဲ့ အလိုဆန္ဒတွေကပါ အဲဒီဖန်တီးနိုင်စွမ်းပါတဲ့ စိတ်ကူးစိတ်သန်းတွေကို အားဖြည့်ပေးနိုင်ပါသလား"

**ကာနေဂျီ**။ ။ "ဖြည့်ပေးနိုင်ပါတယ်။ သင် အခုပြောခဲ့တဲ့ အချက်အလက်တွေနဲ့ ပြည့်စုံတဲ့သူတွေဟာ ကိုယ်ပိုင်မှုတစ်ခု တည်ဆောက်သလို ကောင်းကျိုးရှိတဲ့ အရည်အသွေးတွေနဲ့ အရာရာကို အောင်မြင်အောင် လုပ်ဆောင်နိုင်ပါလိမ့်မယ်"

**ဟေး**။ ။ "စိတ်ကူးစိတ်သန်းနှစ်မျိုးကို လက်တွေ့အသုံးချစေနိုင်မယ့် ဥပမာတွေရှိရင် ဖော်ပြပေးပါဦး"

**ကာနေဂျီ**။ ။ "စိတ်ကူးစိတ်သန်းနှစ်မျိုးကို လက်တွေ့အသုံးချစေနိုင်မယ့် ဥပမာကို ပြောရရင်... ဟင်နရီဖို့ဒ်ရဲ့ ဘဝအတွေ့အကြုံကို ဥပမာ

mgyoe.com

mgyoe.com


ယူကြတာပေါ့။ ဟင်နရီဖို့ဒ်ဟာ အမြဲတစေ ကိုယ့်ကိုယ်ကိုယ် တွန်းအား ပေးနေတဲ့သူတစ်ယောက်ဖြစ်ပြီး အခက်အခဲ အတားအဆီးများအကြား မှ ရည်ရွယ်ထားတဲ့အလုပ်တွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်သူ တစ်ယောက် ဖြစ်ပါတယ်။

ဟင်နရီဖို့ဒ်ဟာ ရေနွေးငွေ့အားက ထွန်စက်ကိုလည်ပတ်အောင် မောင်းနှင်ပေးနိုင်စွမ်းရှိပုံကို စတင်တွေ့ရှိရာက စတင်ပြီး မော်တော်ယာဉ် စတင်ထုတ်လုပ်နိုင်ဖို့ စိတ်ကူးကောင်းတွေ စတင်ထားရှိခဲ့မိသူဖြစ်ပါ တယ်။

အစပထမမှာ ဖို့ဒ်ဟာ တုပဖန်တီး လုပ်ယူမှုပါတဲ့ စိတ်ကူး စိတ်သန်းတွေကိုသာ အဓိကထားခဲ့သူဖြစ်ပါတယ်။

"ဟင်နရီဖို့ဒ်" က ထွန်စက်နဲ့ ချွေလှေ့စက်တွေကို ကြည့်ပြီး လူစီး နိုင်တဲ့ လျင်မြန်စွာ လှုပ်ရှားနိုင်သော မော်တော်ယာဉ်တစ်မျိုးကို တီထွင် ဖို့ စိတ်ကူးကြံစည်ခဲ့ပါတယ်။ 'ဖို့ဒ်' က သူ့ရဲ့စိတ်ကူးကို စွဲလမ်းပြီး အကောင်အထည်ဖော်လိုတဲ့စိတ်ဆန္ဒတွေကလည်း ပြင်းပြလွန်းတာ ကြောင့် အဲဒီစိတ်ကူးတွေက သူ့မသိစိတ်ထဲမှာ စွဲထင်ကျန်ရစ်ပြီး ရေနွေး ငွေ့အင်ဂျင်အစား လောင်စာဆီစနစ်နဲ့ အပူကော အလင်းကိုပါ ထုတ်ပေး နိုင်သော အင်ဂျင် (internal combustion engine) ဆိုတာကတော့ 'အင်ဂျင်ရဲ့ကိုယ်ထည်အတွင်း လောင်စာဆီနှင့် လေ (အောက်ဆီဂျင်) တို့ထိတွေ့ပေါက်ကွဲပြီး ပစ္စတင်ကို လှုပ်ရှားစေတဲ့အင်ဂျင်ကို ခေါ်ပါ တယ်။

"ဖို့ဒ်" က အဲဒီအင်ဂျင် (အပူကော အလင်းကိုပါ ထုတ်ပေးနိုင် သောအင်ဂျင်) (internal combustion engine) တီထွင်မှု အောင်မြင်ဖို့ အတွက် နေ့ညမရွေး စိတ်ကူးကောင်းတွေ ထုတ်လာအောင် စဉ်းစားတယ်။

သူက အခြားလူတွေဆီမှာရှိတဲ့ Internal combustion gas

mgyoe.com

mgyoe.com


engine (ဓာတ်ငွေ့လောင်စာနဲ့ မောင်းနှင်တဲ့ အင်ဂျင်) တွေကိုလည်း လေ့လာခဲ့တယ်။ နောက်တော့ မသိစိတ်ထဲ စွဲနစ်နေတဲ့ သူ့စိတ်ကူးတွေကို ပစ္စုပ္ပန်ဆီ ဆွဲယူပြီး စတင်အကောင်အထည်ဖော်ပါတော့တယ်။

သူက အင်ဂျင်ရဲ့စွမ်းအင် ထုတ်လွှတ်မှုစနစ်ကို ကောင်းစွာ သဘောပေါက်ပြီးတဲ့နောက်မှာတော့ မော်တော်ကားအင်ဂျင်တည်ဆောက်ပြီး မော်တော်ယာဉ်တစ်စင်းအဖြစ် ပုံပေါ်လာတဲ့အထိအဆင့်ဆင့် လုပ်ဆောင် (အကောင်အထည်ဖော်) နိုင်ခဲ့တယ်"

**ဟေး**။ ။ "ဟင်နရီဖို့ဒ်က သူ့ရည်မှန်းချက်အတိုင်း မော်တော်ယာဉ်တစ်စီးကို ဖန်တီးတည်ဆောက်နေစဉ်အတွင်းမှာ သူ့စိတ်ထဲ ဘယ်လိုမျိုးလုပ်နည်းလုပ်ဟန် (modus operandi) တွေ ကိန်းဝပ်နေခဲ့တယ်လို့ ထင်ပါသလဲ မစ္စတာကာနေဂျီ"

**ကာနေဂျီ**။ ။"ဒါကတော့ သဘောပေါက်အောင် ပြောပြဖို့ မခက်လှပါဘူး၊ အောင်မြင်တဲ့သူတွေတိုင်းမှာ ကိုယ်ပိုင်မူတွေ၊ ကိုယ်ပိုင်လုပ်နည်းလုပ်ဟန်တွေ ရှိကြစမြဲပါ။ ဒီတော့ မစ္စတာဖို့ဒ်ရဲ့စိတ်ထဲမှာရှိနေတဲ့ ကိုယ်ပိုင်လုပ်နည်းလုပ်ဟန်တွေက ဘယ်လိုလဲ၊ ဘာတွေလဲဆိုတာကို အခုလို ရှင်းရှင်းလင်းလင်းဖော်ပြပေးနိုင်ပါတယ်။ မစ္စတာဟေး"

(a) 'မစ္စတာဖို့ဒ်ဆီမှာ တိကျတဲ့ရည်ရွယ်ချက်တွေ ရှိထားတယ်။ အဲဒီရည်ရွယ်ချက်တွေက သူ့စိတ်ကို အစဉ်အမြဲတက်ကြွနေအောင် လှုံ့ဆော်တိုက်တွန်းနေလိမ့်မယ်။

ဒါဟာ တစ်ဦးချင်း တစ်ယောက်ချင်းစီအလိုက် အားလုံးတိုးတက်အောင် ပြင်ဖို့အတွက် ပထမဆုံးအရေးပါတဲ့ခြေလှမ်းလို့ ဆိုနိုင်ပါလိမ့်မယ်'

(b) 'ဖို့ဒ်က သူ့ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ အာရုံစူးစိုက်ပြီး စဉ်းစားတွေးတောတယ်၊ စိတ်ကူးကောင်းတွေ ရလာအောင်

mgyoe.com

mgyoe.com


လည်း အမြဲကြိုးစားတယ်။ လက်တွေ့ အကောင်အထည်ဖော်နိုင်ဖို့အတွက် သူ့ရည်ရွယ်ချက်တွေကို အမြဲတမ်း စေ့ဆော်နေပါလိမ့်မယ်'

(c) 'ဖို့ဒ်က သူ့ရည်ရွယ်ချက်တွေကို တိကျသောလုပ်ငန်း အစီအစဉ်တွေအဖြစ် ပြောင်းလဲပစ်လိုက်တယ်။ နောက်တော့ သူ့လုပ်ငန်းအစီအစဉ်တွေကို လက်တွေ့အရေးယူဆောင်ရွက်မှုအဖြစ် ထပ်ဆင့်ပြောင်းလဲပေးလိုက်လိမ့်မယ်'

(d) 'ဟင်နရီဖို့ဒ်' ရဲ့ ဇနီးသည်က နောက်ကွယ်ကနေ လိုအပ်တာကို ထောက်ပံ့ပေးတယ်။ ဒီတော့ သူကရည်မှန်းချက်တွေကို ခေါင်းအေးအေးထားပြီး အကောင်အထည်ဖော်နိုင်တော့တာပေါ့'

(e) 'ဟင်နရီဖို့ဒ်က အဘက်ဘက်ကနေ အထောက်အပံ့ကောင်းတွေရရှိတာကြောင့် စိတ်ကူးကောင်းတွေကို ရည်မှန်းချက်အတိုင်း အကောင်အထည်ဖော်နိုင်ခဲ့သူဖြစ်လာခဲ့ပါတယ်'

**ဟေး**။ ။"မစ္စတာဖို့ဒ်ရဲ့ အောင်မြင်မှုတွေဟာ သူ့ရဲ့တိကျတဲ့ ရည်မှန်းချက်တွေနဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်လိုတဲ့ စိတ်ဆန္ဒပြင်းပြချက်တွေကြောင့် ရရှိလာတာလား၊ နောက်ပြီး သူက တုပဖန်တီးလုပ်ယူမှုပါတဲ့ စိတ်ကူးစိတ်သန်းတွေကိုရော၊ ကိုယ်ပိုင်ဉာဏ်စွမ်းနဲ့ အကောင်အထည်ဖော်နိုင်တဲ့ စိတ်ကူးစိတ်သန်းကိုပါ လုပ်ကိုင်ထားပြီး ကြိုးစားခဲ့တာလားဆိုတာ သိချင်ပါတယ်"

**ကာနေဂျီ**။ ။"မစ္စတာဟေး မေးတဲ့အထဲမှာ အဖြေတွေပါပြီးသားပါ။ မစ္စတာဖို့ဒ်က သူ့ရည်ရွယ်ချက် အောင်မြင်ဖို့ ဘက်စုံ ထောင့်စုံကနေ ကြိုးစားတယ်။ ဇွဲကြီးတယ်၊ စိတ်ရှည်သည်းခံနိုင်စွမ်း မြင့်မားတယ်။ သူ့ရည်မှန်းချက် အကောင်အထည်ဖော်နိုင်ဖို့ ဘယ်လိုစိတ်ကူးမျိုးပဲဖြစ်စေ... လက်တွေ့အသုံးချတယ်။ သူက မော်တော်ယာဉ်တီထွင်

mgyoe.com

mgyoe.com


ထုတ်လုပ်မှုတွေ မလုပ်နိုင်သေးခင်ကတည်းက သုတေသနလုပ်ငန်းတွေ ဆက်တိုက်လုပ်ဆောင်ခဲ့တယ်။

တကယ်တော့ မစ္စတာဖို့ဒ်ဟာ သူ့လုပ်ငန်းအစီအစဉ်တွေကို အမြဲတမ်းစွဲလမ်းပြီး အကောင်အထည်ဖော်လိုတဲ့ စိတ်ဆန္ဒတွေကလည်း ပြင်းပြနေတာကြောင့် သူ့မသိစိတ်ထဲမှာပါ သူ့ရည်မှန်းချက်နဲ့လုပ်ငန်းစဉ်တွေက စွဲမြဲနေခဲ့ပါတယ်"

**ဟေး**။ ။ "မစ္စတာကာနေဂျီအနေနဲ့ လက်တွေ့ကျကျ အသုံးချနိုင်မယ့် စိတ်ကူးစိတ်သန်းတစ်ခုကို နမူနာအဖြစ် ပြောပြပေးနိုင်မလား"

**ကာနေဂျီ**။ ။ "ဒေါက်တာ အလက်ဇန်းဒါးဂရေဟမ်ဘဲလ်ရဲ့ သုတေသနပြုချက်တွေဟာ ယနေ့ခေတ်သစ် တယ်လီဖုန်းဆက်သွယ်ရေးစနစ်နဲ့ ဆက်စပ်နေတာ တွေ့ရတယ်။ ဒါဟာ ဖန်တီးနိုင်စွမ်းပါတဲ့ (ကိုယ်ပိုင်စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသပေးနိုင်တဲ့) စိတ်ကူးစိတ်သန်းကောင်းကို လက်တွေ့ကျကျ အသုံးချနိုင်တယ်ဆိုတဲ့ ဥပမာပဲပေါ့။ မစ္စတာဘဲလ်ရဲ့ဆန်းသစ်တဲ့ တီထွင်မှုတွေက လျှပ်စစ်မီးသီးတီထွင်သူ အယ်ဒီဆင်လိုပဲပေါ့။ သူတို့နှစ်ယောက်စလုံးရဲ့ စိတ်ကူးစိတ်သန်းတစ်ခုစီဟာ လက်တွေ့အသုံးကျတဲ့ တီထွင်ခြင်းဆီကို ဦးတည်နိုင်ခဲ့တယ်။

ဒေါက်တာ ဂရေဟမ်ဘဲလ်ဟာ သူ့ဇနီးသည်အတွက် နားကြားကိရိယာ (နားကြပ်) တစ်ခု တီထွင်ဖို့ကြိုးစားခဲ့တယ်။ ဇနီး သည်အတွက် နားကြားကိရိယာတီထွင်နိုင်ဖို့ ပြင်းပြတဲ့စိတ်ဆန္ဒတွေဟာ သူ့ရဲ့မသိစိတ်ထဲ စွဲမြဲနေခဲ့ပြီး အဲဒီပြင်းပြတဲ့စိတ်ဆန္ဒတွေက သူ့ရဲ့ရည်ရွယ်ချက်အကောင်အထည်ပေါ်စေဖို့ တွန်းအားပေးခဲ့တာ တွေ့ရတယ်။ အစပထမမှာ ဇနီးသည်အတွက် နားကြားကိရိယာတစ်ခုရအောင် တီထွင်ဖို့က အဓိကအချက်ဖြစ်သော်လည်း နောက်ဆုံးမှာ နားကြားကိရိယာသာ

mgyoe.com

mgyoe.com


မကာဘဲ တယ်လီဖုန်းဆက်သွယ်ရေးစနစ်တစ်ခုကိုပါ အောင်မြင်စွာ တီထွင်နိုင်ခဲ့ပါတယ်။

ဒီနေရာမှာ ထပ်ပြီးတွေ့ရတဲ့ ထူးခြားတဲ့ အချက်တစ်ချက်ကတော့ ပြင်းပြသောစိတ်ဆန္ဒတွေ အားလုံးရဲ့ အစပထမဟာ ကိုယ့်ကိုယ်ကို နိုးကြားတက်ကြွအောင် စေ့ဆော်တိုက်တွန်းခြင်းပဲ ဖြစ်ပါတယ်။

မစ္စတာဘဲလ်ဟာ သူ့တီထွင်မှုအောင်မြင်မှုမရခင် သုတေသန ပေါင်းများစွာ လုပ်ခဲ့ရတယ်။ သူ့ရဲ့ပြင်းပြတဲ့စိတ်ဆန္ဒတွေ၊ စိတ်ကူး စိတ်သန်းကောင်းတွေ၊ ရည်ရွယ်ချက်တွေက သူ့ရဲ့မသိစိတ်အတွင်း စွဲထင်ကိန်းဝပ်ခဲ့ပြီး လက်တွေ့အကောင်အထည်ဖော် အောင်မြင်လာတဲ့ အချိန်မှာတော့ လူသားတွေအတွက် လိုအပ်ချက်တစ်ခုကို ကူညီ ဖြည့်ဆည်းပေးနိုင်သူတစ်ယောက်အဖြစ် ကမ္ဘာကျော်လာခဲ့ပါတယ်"

**ဟေး**။ ။ "ကိုယ်ပိုင်စိတ်ကူးစိတ်သန်းတွေနဲ့ ပတ်သက်ပြီး လက်တွေ့ အကောင်အထည်ဖော်ရာမှာ ဘယ်လိုကိုယ်ပိုင်မှုတွေ၊ စည်းမျဉ်းစည်းကမ်း တွေ ချမှတ်ဆောင်ရွက်ဖို့ လိုပါသလဲ"

**ကာနေဂျီ**။ ။ "ကိုယ်ပိုင်စိတ်ကူးစိတ်သန်းတွေကို အကောင်အထည် ဖော်ရာမှာ အောက်ပါကိုယ်ပိုင်မှုတွေ ချမှတ်ဆောင်ရွက်ပေးဖို့ လိုပါတယ်။

(a) **တိကျသောရည်မှန်းချက် ထားရှိပေးပါ**၊ မိမိဦးရှိထားပြီးသော စိတ်ကူးစိတ်သန်းတွေကို စေ့ဆော်ပေးခြင်းအားဖြင့် ပြင်းပြသော စိတ်ဆန္ဒ တွေ ဖြစ်ပေါ်လာစေပြီး၊ အဲဒီပြင်းပြသော စိတ်ဆန္ဒတွေက ရည်မှန်းချက် အကောင်အထည်ဖော်နိုင်ဖို့ တွန်းအားပေးနေမှာ ဖြစ်ပါတယ်။ သင့်အတွက် အကောင်အထည်ပေါ်အောင်မြင်လိုသော ရည်မှန်းချက်ကို အတိအကျ သတ်မှတ်ထားရှိပေးပါ။

(b) **ချမှတ်ထားပြီးသော ကိုယ်ပိုင်မှုကို ကိုယ်တိုင်ဆောင်ရွက်စီမံ နိုင်ဖို့** လိုအပ်ပါတယ်။ ကိုယ်ပိုင်မှု ချမှတ်ပြီး ဆောင်ရွက်တယ်ဆိုတာနဲ့

mgyoe.com

mgyoe.com



လုပ်ငန်းဆိုင်ရာပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းတာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စတွေကို လိုအပ်သလို ဖြည့်ဆည်းအဖြေရှာတာ၊ အတားအဆီးအခက်အခဲတွေအပေါ် စိတ်ရှည်သည်းခံစွာနဲ့ ဖြတ်ကျော်တာတွေ လုပ်နိုင်ဖို့ လိုအပ်ပါတယ်။

ကိုယ်ပိုင်မူ ချမှတ်ထားတဲ့အတိုင်း ဆောင်ရွက်တယ်ဆိုသော်လည်း မိမိလုပ်ငန်းနဲ့ရည်မှန်းချက်တွေ ထမြောက်အောင်မြင်စေမယ့် အကြံဉာဏ်တွေ တစ်ယောက်ယောက်က ပေးလာခဲ့၊ ကမ်းလှမ်းလာခဲ့လျှင်လည်း သင့်သလို လက်ခံအသုံးချနိုင်ဖို့ လိုအပ်ပါတယ်။ လုပ်ငန်းရည်ရွယ်ချက်အောင်မြင်ဖို့ စတင်ကြိုးစားစဉ်ကာလမှာ စိတ်ရှည်သည်းခံမှုတွေက အဓိကအရင်းအမြစ်တစ်ခုအဖြစ် လိုအပ်တယ်။

မိမိရဲ့ပြင်းပြတဲ့ စိတ်ဆန္ဒအတိုင်း အကောင်အထည်ဖော်နိုင်စွမ်းမရှိသေးခင် ကနဦး ခေါင်းထဲပေါ်လာတဲ့ စိတ်ကူးအကြံအစည်တွေ၊ စဉ်းစားတွေးခေါ် ယူဆမှုတွေက လွဲကောင်းလွဲ၊ မှားကောင်း မှားနေနိုင်တာကို သတိပြုရပါမယ်။ အဲဒီလိုလွဲမှားမှုတွေ ကြုံတွေ့ရရင်လည်း စိတ်ပျက်အားငယ်နေမယ့်အစား နောက်တစ်နည်းကို စဉ်းစားဖို့ လိုတယ်။ ဒီလိုနဲ့ ဖွဲ့ကောင်းကောင်းထားပြီး အားထုတ်မယ်ဆိုရင် မိမိစိတ်ကူးအကြံအစည်နဲ့ လိုက်ဖက်သင့်လျော်တဲ့ အကောင် အထည်ဖော်နိုင်စွမ်းတွေ ရရှိလာပါလိမ့်မယ်။

(င) စိတ်ကူးစိတ်သန်းကောင်းတွေကို အကောင်အထည်ဖော်ရာမှာ ပိုမိုပြီး တိုးတက်မှု ရရှိစေမယ့် နည်းလမ်းတွေကို စဉ်းစားနိုင်သလောက် စဉ်းစားပေးပါ။ တစ်နည်းအားဖြင့် စိတ်ကူးကောင်းတစ်ခုကနေ နောက်ထပ်ပိုမိုကောင်းမွန် အဆင့်မြင့်သော စိတ်ကူးကောင်းတစ်ခုကို ထပ်ဆင့်မွေးထုတ်နိုင်မယ်ဆိုရင် သင်ဟာ စိတ်ကူးကောင်း၊ စိတ်ကူးသစ်တွေနဲ့ အမြဲရှင်သန်ရပ်တည်နိုင်သူတစ်ယောက် ဖြစ်လာပါလိမ့်မယ်။

mgyoe.com

mgyoe.com



(d) မိမိမှာရှိသောယုံကြည်မှုတွေကို လက်တွေ့အသုံးချပေးပါ။

ကိုယ်ပိုင်ယုံကြည်မှုတွေကို စိတ်ကူးစိတ်သန်းကောင်းတွေနဲ့ ပေါင်းစပ်ပြီး ကောင်းကျိုးရလဒ်တွေရရှိအောင် လုပ်ဆောင်ပေးနိုင်ပါတယ်။

သင့်ဆီမှာ ကိုယ်ပိုင်ဖန်တီး တီထွင်နိုင်စွမ်းတွေက အရင်းအမြစ်ကောင်းအဖြစ် ဘယ်လောက်ပဲရှိနေသည်ဖြစ်စေ၊ သင့်ရဲ့စိတ်ကူးကောင်းတွေကို သင်ကိုယ်တိုင် လက်ခံယုံကြည်မှုမရှိခဲ့ရင်လည်း ဘယ်တော့မှ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်တော့မှာ မဟုတ်ပါဘူး။

(e) သင့်ရဲ့စိတ်ကူးစိတ်သန်းကောင်းတွေကို တိကျသော အစီအစဉ်တွေ ရေးဆွဲပြီး စနစ်တကျအကောင်အထည်ဖော်ပေးပါ။

အခက်အခဲ အတားအဆီးတွေကို စိတ်ရှည်သည်းခံစွာနဲ့ ဖြတ်ကျော်ပေးပါ။

သင်ကိုယ်တိုင် ယုံကြည်ထားသော စိတ်ကူးစိတ်သန်းကောင်းတွေကို အစီစဉ်တကျ အကောင်အထည်ဖော်နိုင်စွမ်းရှိသော်လည်း သင်ကိုယ်တိုင်က သင့်လုပ်ငန်းစဉ်တွေအတွက် ကြောက်စိတ်ပိုနေခဲ့မယ်ဆိုရင်တော့ သင့်စိတ်ကူးစိတ်သန်းတွေက အိပ်မက်အဖြစ်နဲ့သာ ကွယ်ပျောက်သွားရပါလိမ့်မယ်။

အကယ်၍ သင့်ဆီမှာ သိလိုမြင်လို နားလည်လိုတဲ့စိတ်တွေ ပြင်းပြခဲ့မယ်ဆိုရင် အဲဒီသိမြင်ကြားသိ၊ နားလည်လိုတဲ့စိတ်တွေက သင့်ရဲ့စိတ်ကူးစိတ်သန်းကောင်းတွေကို ပိုမိုလေးနက်မြင့်မားစေမှာ ဖြစ်ပါတယ်။

ဒေါက်တာအလက်ဇန်းဒါးဂရေဟန်ဘဲလ်နဲ့ သောမတ်အယ်ဒီဆင်တို့ဟာ သူတို့ရဲ့အောင်မြင်လိုတဲ့ (ပြင်းပြတဲ့စိတ်) တွေကို သူတို့ရဲ့ တိကျတဲ့ ဦးတည်ချက်တွေအပေါ် မယိမ်းမယိုင်စေဘဲ စူးစိုက်ထား

mgyoe.com

mgyoe.com



ရှိနိုင်စွမ်းရှိခဲ့တာ တွေ့ရတယ်။ ဒါကြောင့် ရည်မှန်းထားတဲ့အတိုင်း အောင်မြင်မှုတွေရရှိခဲ့တာဖြစ်ပါတယ်"

**ဟေး**။ ။ "စိတ်ကူးစိတ်သန်းကောင်းတွေကို အရောင်းအဝယ်ပိုင်းမှာရော လက်တွေ့အသုံးချနိုင်မလားဆိုတာ ဥပမာပေးပါဦး"

**ကာနေဂျီ**။ ။ "အရောင်းအဝယ်ကိစ္စတွေမှာ စိတ်ကူးစိတ်သန်းကောင်းတွေကို လက်တွေ့အသုံးချနိုင်တဲ့ ဥပမာတွေ အများကြီးရှိပါတယ်။

အရောင်းသမားတစ်ယောက်ဟာ အများနဲ့မတူတဲ့ ရောင်းချခြင်းပုံစံကို သူ့ကိုယ်ပိုင်စိတ်ကူးစိတ်သန်းကောင်းတွေနဲ့ အကောင်အထည်ဖော်နိုင်သလောက် အောင်မြင်မှုရမှာ မလွဲပါဘူး။ ကိုယ်ပိုင် စိတ်ကူးစိတ်သန်းကောင်းရှိပြီးသားလူတွေဟာ သူ့လုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်ဖို့နဲ့ အခွင့်အရေးကောင်းတွေကို ဆုပ်ကိုင်နိုင်ဖို့အတွက် အမြဲတစေကြိုးစားနေပါလိမ့်မယ်။

စိတ်ကူးစိတ်သန်းကောင်းတွေရှိတဲ့သူတွေဟာ ဖန်တီးနိုင်စွမ်းရှိတဲ့အတွေးအမြင်တွေနဲ့ အခွင့်အရေးကောင်းတွေကို အချိန်အခါနဲ့လိုက်ဖက်ညီစွာ အသုံးချနိုင်တတ်ကြတယ်။

ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ရာမှာလည်း ကိုယ်ပိုင်မူတွေချမှတ်ပြီး ဆောင်ရွက်တတ်ကြတယ်။

အများအားဖြင့် သူတို့ဟာ စိတ်ကူးစိတ်သန်းကောင်းတွေနဲ့ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်တို့အကြား ကွာခြားချက်အခြေအနေတွေကိုလည်း ကောင်းစွာနားလည်နိုင်စွမ်းရှိကြတယ်။

ဖန်တီးနိုင်စွမ်းရှိတဲ့အတွေးအမြင် ပိုင်ဆိုင်ထားတဲ့လူတွေဟာ အရောင်းအဝယ်ပိုင်းဖြစ်စေ၊ တည်ဆောက်ရေးအပိုင်းဖြစ်စေ၊ စွမ်းဆောင်နိုင်သူတွေ ဖြစ်ပါတယ်။ ဖန်တီးနိုင်စွမ်းပါအတွေးအမြင်နဲ့ စိတ်ကူးစိတ်သန်းကောင်းရှိသူတွေဟာ ကောင်းကျိုးရရှိအောင် တည်ဆောက်

mgyoe.com

mgyoe.com


နိုင်သူတွေဖြစ်သလို အရာရာကို အပြုသဘောဆောင် အကောင်းမြင် နိုင်စွမ်းရှိကြတယ်။

စိတ်ကူးစိတ်သန်းကောင်းရှိသူ တည်ဆောက်ရေးသမားတွေက အများသူငါသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးအတွက် အဆင်ပြေ ချောမွေ့စေဖို့အတွက် ကြီးမားတဲ့တည်ဆောက်ရေးလုပ်ငန်းတွေဖြစ်တဲ့ ရထားလမ်းတည်ဆောက်ရေးစနစ်တွေ၊ မိုးပျံအဆောက်အအုံ တည် ဆောက်ရေးတွေ၊ မြို့ပြတည်ဆောက်မှုတွေ လုပ်ပေးခဲ့ကြတယ်။

သူတို့ရဲ့ စိတ်ကူးစိတ်သန်းကောင်းတွေ၊ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်တွေနဲ့ သူတို့ကျွမ်းကျင်စွာတတ်မြောက်ထားသော အတတ် ပညာတွေကိုပေါင်းစပ်ပြီး လူသားတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်း ပေးခဲ့ကြတယ်။ အခုလက်ရှိလည်း ဖြည့်ဆည်းပံ့ပိုးနေဆဲပါပဲ။

သူတို့ရဲ့ကျေးဇူးကြောင့် တယ်လီဖုန်းဆက်သွယ်ရေးတွေ ပေါ်ပေါက် လာတယ်။ လေယာဉ်တွေ၊ သင်္ဘောတွေ၊ မော်တော်ကား၊ ရထားတွေ တည်ဆောက်လာနိုင်တယ်။ ဒါတွေဟာ လက်တွေ့ လက်ညှိုးထိုးပြနိုင်တဲ့ ဥပမာကောင်းတွေပါပဲ"

**ဟေး**။ ။ "လူတွေမှာ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်တွေ တိုးတက်လာစေဖို့ ဘာကလုပ်ဆောင်ပေးပါသလဲ။ ရှင်းပြပေးစေချင် ပါတယ်"

**ကာနေဂျီ**။ ။ "လူတစ်ဦးချင်းစီမှာ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းကောင်း တွေ ရှိလာစေဖို့နဲ့ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်တွေ တိုးတက်လာ စေဖို့ ကိုယ့်ကိုယ်ကိုယ် တက်ကြွအောင် စေ့ဆော်တိုက်တွန်းမှုတွေ မရှိ မဖြစ်လိုအပ်တယ်။

ဖန်တီးနိုင်စွမ်းရှိတဲ့ အတွေးအမြင်ပိုင်ဆိုင်ထားတဲ့သူတွေဟာ သူတို့ရဲ့လုပ်နိုင်စွမ်းတွေကို ဘယ်တော့မှ ကန့်သတ်ထားခြင်းမရှိဘဲ

mgyoe.com

mgyoe.com


တိုးတက်မှုအမြင့်ဆုံးရနိုင်သလောက် မြင့်မားအောင်သာ ဆက်လက်ကြိုးစားအားထုတ်တတ်ကြပါတယ်"

**ဟေး**။ ။ "အမေရိကန်ပြည်ထောင်စုရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲခဲ့သူတွေဟာ ဖန်တီးနိုင်စွမ်းပါတဲ့ အတွေးအမြင်ရှိသူတွေလား"

**ကာနေဂျီ**။ ။ "အမေရိကန်ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲခဲ့တဲ့သူတွေကတော့ တကယ်ကို ဖန်တီးနိုင်စွမ်းရှိတဲ့အတွေးအမြင်တွေ ပိုင်ဆိုင်ထားတယ်ဆိုတာ သေချာပါတယ်။

တကယ်လို့သာ အဲဒီလူတွေမှာ ဖန်တီးနိုင်စွမ်းပါတဲ့အတွေးအမြင်တွေ မရှိခဲ့ဘူးဆိုရင် အမေရိကန်နိုင်ငံသားအားလုံးမျှတစွာ ခံစားခွင့်ရှိမယ့် အခွင့်အရေးတွေအတွက်လည်း စဉ်းစားနိုင်မှာ မဟုတ်သလို သက်ဆိုင်ရာဥပဒေတွေကိုလည်း ရေးဆွဲနိုင်ခဲ့မှာ မဟုတ်ပါဘူး။ ယနေ့ကာလ အမေရိကန်မှာ နိုင်ငံရေးသမားတွေ အရေအတွက်များနေပေမဲ့ နိုင်ငံကိုအုပ်ချုပ်နိုင်တဲ့ နိုင်ငံ့ခေါင်းဆောင်အဓိပ္ပတိနေရာယူနိုင်တဲ့သူတွေကတော့ နည်းပါးနေတာတွေ့ရတယ်"

**ဟေး**။ ။ "တကယ်လို့များ အမေရိကန်ပြည်ထောင်စုမှာနိုင်ငံကို ဦးဆောင်အုပ်ချုပ်နိုင်မယ့် အရည်အချင်းရှိသူတွေ မမွေးဖွားလာတော့ဘူးဆိုရင် ခေါင်းဆောင်အရည်အချင်းရှိသူတွေ ရှားပါးသွားတော့မှာလား မစ္စတာကာနေဂျီ"

**ကာနေဂျီ**။ ။ "အမေရိကန်ရဲ့အတိတ်သမိုင်းကြောင်းမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော် ပြောပြခဲ့ပြီးပါပြီ၊ ဒီနိုင်ငံ အမေရိကန်ပြည်ထောင်စုဟာ ချမ်းသာကြွယ်ဝတယ်၊ လူတစ်ဦးချင်းအလိုက် (နိုင်ငံသားတစ်ဦးစီအလိုက်) လွတ်လပ်ခွင့်တွေ ပေးထားတယ်။ ဒီလိုလွတ်လပ်ခွင့်တွေရထားတော့ ဘယ်သူကမှ လွတ်လပ်ခွင့်တွေအတွက် မတောင်းဆိုကြတော့ဘူး။ လက်ရှိနိုင်ငံခေါင်းဆောင်လုပ်နေ

mgyoe.com

mgyoe.com


တဲ့သူတွေကတော့ ငယ်ရွယ်စဉ်က လွတ်လပ်မှုအရသာကို မခံစားခဲ့ကြ ရပါဘူး"

**ဟေး။** ။ "သင်ဆိုလိုတာက နိုင်ငံရေးခေါင်းဆောင်လုပ်မယ့်သူ၊ နိုင်ငံ့ ခေါင်းဆောင်ဖြစ်လာမယ့်သူတွေက ခါးသီးတဲ့နိုင်ငံရေး အတွေ့အကြုံတွေ ရှိရမယ်လို့ဆိုလိုတာလား။ လက်ရှိကာလမှာ အဘက်ဘက်ကနေ ပြည့်စုံ ကြွယ်ဝလွတ်လပ်မှုရှိတဲ့ နိုင်ငံသားတွေဖြစ်တာကြောင့် (ခါးသည်းမှု တစ်စုံတစ်ရာလည်း မတွေ့ကြုံရတာကြောင့်) နိုင်ငံရေးအတွေးအခေါ် မရှိတဲ့သူတွေ၊ ပျင်းရိတဲ့သူတွေဖြစ်လာလိမ့်မယ်၊ နိုင်ငံခေါင်းဆောင်အဖြစ် ပေါ်ထွက်လာဖို့တော့ အားနည်းတယ်လို့ ပြောချင်တာလား"

**ကာနေဂျီ။** ။ "ဟုတ်ပါတယ်၊ ခေါင်းဆောင်ကောင်း ထွက်ပေါ်လာ ဖို့ အတော်လေးခက်ခက်ခဲခဲနဲ့ ရွေးချယ်နေရတယ်။ ဒါက လက်ရှိ ကြုံတွေ့နေရတဲ့ပြဿနာပေါ့။ နိုင်ငံက ချမ်းသာကြွယ်ဝတယ်၊ ကမ္ဘာ့ နံပါတ်တစ် စူပါပါဝါနိုင်ငံဖြစ်တယ်။ နိုင်ငံသားတွေ လိုချင်ရချင် ဖြစ်ချင် တာ အားလုံးအတွက် အခွင့်အရေးကောင်းတွေရှိတယ်။ နိုင်ငံသား တစ်ဦးချင်းအလိုက် အခွင့်အရေးကောင်းတွေ ပြည့်စုံနေတော့ ကိုယ်ပိုင် ဆုံးဖြတ်နိုင်စွမ်းတွေ အားနည်းတာပေါ့"

**ဟေး။** ။ "ဒီအပေါ်မှာ သင့်ရဲ့ထူးခြားတဲ့အမြင်ရှိရင်လည်း ပြောပြ ပါဦး"

**ကာနေဂျီ။** ။ "ကျွန်တော့်ရဲ့အမြင်ဆိုတာထက် လက်ရှိဖြစ်ပျက် ကြုံတွေ့နေတဲ့အမှန်တရားလို့ ပြောရင် ပိုမှန်လိမ့်မယ်။ ဖန်တီးနိုင်စွမ်း ရှိတဲ့ အတွေးအမြင်ဆိုတာဟာ လူအနည်းငယ်စီမှာပဲ ရှိတယ်။ လူတိုင်းမှာ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းတွေ အားကောင်းရင် လက်ရှိမှာသာမက အနာဂတ် ကာလထိပါ အခြေအနေကောင်းတွေကို ပိုင်ဆိုင်နိုင်မယ်။ အစိုးရက ဘယ်လောက်ပဲကောင်းကောင်း၊ စနစ်က ဘယ်လောက်ပဲကောင်းကောင်း

mgyoe.com

mgyoe.com


ဖြစ်ပေါ်လာနိုင်တဲ့ အတားအဆီး အနှောင့်အယှက်တွေကို ရင်ဆိုင်ဖြေရှင်းဖို့ဆိုတာ အစိုးရမှာသာ တာဝန်ရှိတာမဟုတ်ဘဲ နိုင်ငံသားတစ်ဦးချင်းစီမှာ တာဝန်ရှိတယ်။ နိုင်ငံသား သားတိုင်းကိုယ်စီ နိုင်ငံအပေါ် တာဝန်ကျေပွန်ဖို့ ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုတွေ၊ ဆုံးဖြတ်နိုင်စွမ်းတွေရှိဖို့ လိုအပ်တယ်။ ကိုယ်ပိုင်ဆုံးဖြတ်နိုင်စွမ်းတွေရှိမှ ဖန်တီးနိုင်စွမ်းပါတဲ့ အတွေးအမြင်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်မယ်၊ ကိုယ်ပိုင်အတွေးအမြင်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ပြီဆိုရင် ကိုယ့်စိတ်ကိုယ်ပိုင်တဲ့အခြေအနေကို ရောက်ရှိလာလိမ့်မယ်။ ကိုယ့်စိတ်ကိုယ်ပိုင်မှလည်း ကိုယ်လိုချင်တဲ့ပုံစံတွေ တည်ဆောက်နိုင်တော့မှာပေါ့"

**ဟေး**။ ။ "ကိုယ့်စိတ်ကိုယ်ပိုင်နိုင်တဲ့အခါ ကိုယ်ပိုင်မှုတွေ ချမှတ်နိုင်မယ်လို့ ဆိုလိုတာလား၊ ကာနေဂျီ"

**ကာနေဂျီ**။ ။ "ဟုတ်ပါတယ်၊ မစ္စတာဟေး၊ ကိုယ့်စိတ်ကိုယ်ပိုင်ပြီဆိုရင် ကိုယ်ပိုင်မှုတွေ ချမှတ်နိုင်မှာတော့ အမှန်ပါပဲ။ တိုးတက်အောင်မြင်မှုရစေတဲ့ ကိုယ်ပိုင်မှုတွေဟာ လက်တွေ့အကျိုးရှိရှိ အသုံးချနိုင်စွမ်းအပေါ်မှာလည်း မူတည်နေပါတယ်။ အခြေခံကျကျ ရေးဆွဲထားတဲ့ ကိုယ်ပိုင်မှုတွေ ဘယ်လောက်ပဲ ကောင်းသည်ဖြစ်စေ၊ လက်တွေ့အကောင်အထည်ဖော်နိုင်စွမ်းတွေ အားနည်းရင် အောင်မြင်မှုကို မရနိုင်တော့ပါဘူး။ ဒါကြောင့် ကိုယ့်စိတ်ကိုယ်ပိုင်နိုင်မှ ကိုယ်ပိုင်မှု တွေရေးဆွဲနိုင်ပြီး အဲဒီကိုယ်ပိုင်မှုတွေကို အကျိုးရှိရှိလက်တွေ့အကောင် အထည်ဖော်နိုင်မှသာ အောင်မြင်မှုရပါလိမ့်မယ်"

**ဟေး**။ ။ "ပြောင်းလဲခြင်းတစ်ခုကြောင့် ဆင်းရဲမွဲတေခြင်းကနေ ချမ်းသာကြွယ်ဝခြင်းဆိုတဲ့အခြေအနေတစ်ခုကို ပြောင်းလဲစေတာဟာ စိတ်ဝင်စားဖွယ်ကောင်းလှပါတယ် မစ္စတာကာနေဂျီ၊ အမေရိကန်ပြည်ထောင်စုထဲက ချမ်းသာကြွယ်ဝတဲ့သူတွေဟာ အောက်ခြေအဆင့်

mgyoe.com

mgyoe.com


ဆင်းရဲသားဘဝကနေ စတင်ရုန်းကန်ခဲ့ရသူတွေဖြစ်နေတာ တွေ့ရတယ်။ အဲဒီအပြောင်းအလဲက ဘယ်လိုစတင်ဖြစ်ပေါ်တာလဲဆိုတာ သိပါရစေ၊ လူတိုင်းအတွက် အပြောင်းအလဲတိုင်းက ဆင်းရဲသားဘဝကနေ ချမ်းသာကြွယ်ဝတဲ့ဘဝကိုရောက်အောင် ပို့ဆောင်ပေးနိုင်ပါသလား"

**ကာနေဂျီ**။ ။ "ဘယ်သူမဆို ဘယ်လောက်ပဲ ဆင်းရဲမွဲတေပြီး အောက်တန်းကျတဲ့ဘဝကိုရောက်နေသည်ဖြစ်စေ၊ အောင်မြင်မှုရရှိဖို့အတွက် ကြိုးစားပိုင်ခွင့်တွေ၊ ကိုယ်ပိုင်အရည်အချင်းထုတ်ဖော် ပြသခွင့်တွေရှိပြီးသား၊ ရပြီးသားဖြစ်ပါတယ်။ ကိုယ်က ဘယ်လောက် နယ်ပယ်ထဲ ကျင်လည်ကျက်စားရသည်ဖြစ်စေ ကျွမ်းကျင်မှုတွေရရှိအောင် ကြိုးစားလေ့ကျင့်ပိုင်ခွင့်တွေ ဖန်တီးနိုင်စွမ်းပါတဲ့ စိတ်ကူးစိတ်သန်းတွေကို လက်တွေ့အသုံးချပိုင်ခွင့်တွေ၊ ဖန်တီးနိုင်စွမ်းကိုဖြစ်စေတဲ့ အတွေးအမြင်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ခွင့်တွေ ရရှိပြီးသားဖြစ်နေပါလိမ့်မယ်။

သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် သူများထက်ပိုပြီး ကြိုးစားအားထုတ်နိုင်မယ်။ ကိုယ်ပိုင်မှုတွေရေးဆွဲပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစွာနဲ့ အကောင်အထည်ဖော်နိုင်မယ်ဆိုရင် သင့်ရဲ့စွမ်းဆောင်ချက်တွေက တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပြီး နောက်ဆုံးမှာ အောင်မြင်မှုကို ထိုက်ထိုက်တန်တန်ရရှိပါလိမ့်မယ်။ အမေရိကန်မှာ ကိုယ်ပိုင်အရည်အသွေးတွေကို အမှန်အတိုင်း ထုတ်ဖော်ပြသနိုင်ပြီဆိုရင် ဘယ်သူမဆို အောင်မြင်မှုရရှိပြီး အောင်မြင်မှုတွေနဲ့အတူ ငွေကြေးအလုံးအရင်းပါဝင်ရောက်လာလေ့ရှိပါတယ်။

ဒီအခါ တစ်ချိန်က ဘယ်လောက်ပဲ ဆင်းရဲမွဲတေသူဖြစ်စေ ကြီးပွားချမ်းသာမှုတွေ ဖြစ်လာတတ်ပါတယ်။

တကယ်တော့ ချမ်းသာကြွယ်ဝခြင်းဆိုတာဟာ ဆုတောင်း

mgyoe.com

mgyoe.com


တိုင်တည်တိုင်း ရရှိလာတတ်တဲ့အရာမဟုတ်သလို မိမိဆန္ဒရှိတဲ့အတိုင်း မဖြစ်နိုင်တဲ့ နည်းလမ်းတွေသုံးတာ၊ မသမာတဲ့နည်းလမ်းတွေသုံးတာနဲ့လည်း လက်တွေ့ဖြစ်နိုင်တဲ့အခြေအနေမရှိပါဘူး။ ချမ်းသာကြွယ်ဝလိုသူတွေဟာ ချမ်းသာကြွယ်ဝခြင်းဖြစ်စေတဲ့ နည်းလမ်းတွေကို စဉ်းစားနိုင်ဖို့ လိုတယ်။

ချမ်းသာကြွယ်ဝခြင်းအဆင့်ကိုရောက်စေတဲ့ အခြေခံကျတဲ့ အရင်းအမြစ်တွေက သူ့သဘာဝအတိုင်း ရှိနေပြီးသားပါ။ အဲဒီအရင်းအမြစ်ကို ဖော်ထုတ်ပြီး လက်တွေ့အသုံးချနိုင်ဖို့သာ အရေးကြီးတာပါ။ သေချာတာ တစ်ခုကတော့လောကမှာ မှန်မှန်ကန်ကန် ချမ်းသာကြွယ်ဝလာဖို့ ဘယ်လိုဖြတ်လမ်းနည်းမှ မရှိဘူးဆိုတာပါပဲ။

လူတစ်ယောက်ဟာ ဆင်းရဲမွဲတေတဲ့ဘဝကနေ ချမ်းသာကြွယ်ဝတဲ့ဘဝဆီ ကူးပြောင်းနိုင်ဖို့ အပြောင်းအလဲတွေ လိုအပ်သလို လုပ်ဆောင်ပေးရပါမယ်။ အဲဒီအပြောင်းအလဲတွေဟာ ချမ်းသာကြွယ်ဝခြင်း အခြေအနေအဆင့်အတန်းကို ရောက်ရှိဖို့အတွက် ထိရောက်သော ပြင်ဆင်မှုတွေသာ ဖြစ်ပါတယ်။ လယ်သမားတစ်ယောက်အနေနဲ့ တောရိုင်းမြေတစ်ခုကို ထွန်ယက်စိုက်ပျိုးလို့ရတဲ့ မြေဆီလွှာဖြစ်အောင် အပြောင်းအလဲတွေ လုပ်ပေးရပါလိမ့်မယ်။ လယ်သမား ပထမဆုံးလုပ်ရမယ့် အပြောင်းအလဲကတော့ သစ်တောထဲက သစ်ပင်တွေနဲ့အပိုင်းအစ၊ အမှိုက်သရိုက်တွေကို ခုတ်ထွင်ရှင်းလင်းဖယ်ရှားခြင်းတွေ ပြုလုပ်ရပါမယ်။

ပြီးရင် ရှင်းလင်းသွားတဲ့မြေသားပေါ်မှာ စိုက်ပျိုးနိုင်တဲ့ မြေဆီလွှာဖြစ်အောင် ထွန်ယက်ခြင်း၊ မြေလှန်ခြင်းတွေ ပြုလုပ်ပေးရပါမယ်။ ထို့နောက် သီးနှံပင်တွေ စိုက်ပျိုးနိုင်သော အခြေအနေရောက်မှ မျိုးစေ့ကြဲပြီး စိုက်ပျိုးခြင်းကို စတင်ပြုလုပ်ရမှာဖြစ်ပါတယ်။

mgyoe.com

mgyoe.com


လယ်သမားအနေနဲ့ အထက်ပါအဆင့်ဆင့်သော ပြောင်းလဲခြင်း လုပ်ငန်းတွေကို ဉာဏ်ပါပါနဲ့လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

အထက်ပါလယ်သမားရဲ့ဆောင်ရွက်မှုကို နမူနာယူပြီး ဆင်းရဲတဲ့ လူတစ်ယောက်အနေနဲ့လည်း ချမ်းသာကြွယ်ဝခြင်းအခြေအနေကို ရောက်ရှိအောင် သူ့စိတ်ကိုသူကိုယ်တိုင် ပြုပြင်ဖို့ လိုအပ်ပါတယ်။

ဆင်းရဲသားဟာ ပထမခြေလှမ်းအနေနဲ့ သူ့စိတ်ထဲရှိနေတဲ့ မကောင်းသောစိတ်ခံစားချက်တွေကို ဖယ်ထုတ်ရှင်းလင်းရပါမယ်။ သူ့စိတ်ထဲက မကောင်းသောစိတ်ခံစားချက်တွေကို ဖယ်ရှားပြီးမှသာ သူ့စိတ်ကို တည်ငြိမ်အေးချမ်းအောင်ထားရှိနိုင်ပြီး ချမ်းသာကြွယ်ဝခြင်းဆီ ဦးတည်တဲ့စဉ်းစားတွေးခေါ်မှုတွေ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

တကယ်လို့ သင်က ဆင်းရဲပြီး ချမ်းသာကြွယ်ဝတဲ့ဘဝကို မျှော်မှန်းလိုသော်လည်း ကြိုးစားအားထုတ်မှုမရှိဘဲ ပျင်းရိမယ်၊ ကြောက်စိတ်တွေရှိနေမယ်၊ သတ္တိကြောင်နေမယ်ဆိုရင်တော့ အောင်မြင်မှု၊ ကြီးပွား တိုးတက်မှု၊ ချမ်းသာကြွယ်ဝမှုဆိုတဲ့ကောင်းသောအကျိုးရလဒ်တွေနဲ့ ဝေးသထက်ဝေးနေမှာဖြစ်ပါတယ်"

**ဟေး**။ ။"ဖန်တီးနိုင်စွမ်းရှိတဲ့ အတွေးအမြင်တွေက ချမ်းသာကြွယ်ဝမှုတွေဖြစ်လာအောင် အားဖြည့်ကူညီပေးနိုင်တယ်လို့ ယုံကြည်ပါသလား"

**ကာနေဂျီ**။ ။"ယုံကြည်ပါတယ် မစ္စတာဟေး၊ အချို့သော အောင်မြင်မှုတွေကို အရင်းအမြစ်ကောင်း အနည်းငယ်လောက်နဲ့ ရယူနိုင်ပေမဲ့ အချို့သော အောင်မြင်မှုတွေကိုတော့ အရင်းအမြစ်ကောင်း များစွာ ကူညီထောက်ပံ့မှုကောင်းများစွာနဲ့သာ ရယူနိုင်ပါလိမ့်မယ်။

တစ်ခါတလေမှာ ကြီးပွားချမ်းသာခြင်းဆိုတဲ့ အောင်မြင် တိုးတက်မှုရရှိဖို့ ဖန်တီးနိုင်စွမ်းပါ အတွေးအမြင်တွေက ရှေ့ကနေ ဦးဆောင်သွား

mgyoe.com

mgyoe.com


တတ်တယ်။ ဖန်တီးနိုင်စွမ်းပါ အတွေးအမြင်ရှိသူတွေဟာ စက်ရုံအလုပ်ရုံတိုင်းနဲ့ စက်ရုံအလုပ်ရုံတိုင်းမှာ အလုပ်လုပ်နေသော အလုပ်သမားတိုင်း အလုပ်ကိစ္စတိုင်းအတွက် တာဝန်ရှိသူတွေလည်း ဖြစ်ပါတယ်။

အမေရိကန်မှာရှိတဲ့ လူတိုင်းအတွက် ကိုယ့်အောင်မြင်ကြီးပွားချမ်းသာနိုင်တဲ့အခွင့်အရေးတွေဟာ ဖန်တီးနိုင်စွမ်းပါတဲ့ အတွေးအမြင်တွေအပေါ် များစွာမူတည်နေတာတွေ့ရပါတယ်။ ဖန်တီးနိုင်စွမ်းပါတဲ့ အတွေးအမြင်ကို လက်တွေ့အကောင်အထည်ဖော်ရဲပြီဆိုတာနဲ့ အခွင့်အလမ်းကောင်းတွေက စတင်စောင့်ကြိုနေတော့မှာပါ"

❐

mgyoe.com

mgyoe.com

## အခန်း –၁ အား ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်အကြောင်း ရေးသားဖော်ပြချက်တွေ အပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာမှုပြုရာမှာ "အင်ဒရူးကာနေဂျီ" ရဲ့ ရှာဖွေ တွေ့ရှိချက်တွေထဲက မှတ်သားဖွယ်ရာအချို့ကို အောက်ပါအတိုင်း အနှစ်ချုပ်ဖော်ပြပေးလိုက်ပါတယ်။

၁။ အင်ဒရူးကာနေဂျီဟာ အမေရိကန် စတီးထည်ထုတ်လုပ်ရေး လုပ်ငန်းကို လုပ်ကိုင်သူဖြစ်ပြီး ချမ်းသာသလောက် ဩဇာရှိန်ဝါ လည်း ကြီးမားသူတစ်ယောက် ဖြစ်ပါတယ်။

မစ္စတာကာနေဂျီဟာ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်နဲ့ စိတ်ကူးစိတ်သန်းတို့အကြား ကွာခြားချက်တွေကို ရှင်းလင်းအောင် အထူးဖော်ပြပေးခဲ့ပါတယ်။

၂။ မစ္စတာကာနေဂျီဟာ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်နဲ့ စိတ်ကူး စိတ်သန်းတို့အကြား ကွာခြားချက်တွေကို ဖော်ပြပေးခဲ့သလို၊ နေ့စဉ်ဘဝမှာ စိတ်ကူးစိတ်သန်းတွေနဲ့ ဖန်တီးနိုင်စွမ်းတို့အကြား

mgyoe.com

mgyoe.com


ဆက်နွှယ်မှုတွေ ရှိတယ်။ အဲဒီလိုဆက်နွှယ်မှုတွေကို လက်တွေ့ကျကျ အသုံးချနိုင်တယ်ဆိုတာကိုပါ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ သူက ဆက်လက်ရှင်းလင်းပြောဆိုချက်တွေအရ စိတ်ကူးစိတ်သန်းတွေနဲ့ ဖန်တီးနိုင်စွမ်းတို့အကြား ဆက်နွှယ်မှုတွေကို ကိုယ်ပိုင်မှုအဖြစ် လက်တွေ့အသုံးချနိုင်သူတွေဟာ အောင်မြင်မှုရရှိသူတွေဖြစ်ကြောင်း သိရှိရပါတယ်။

၃။ စိတ်ကူးစိတ်သန်းတွေနဲ့ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်တွေကို အစဉ်အမြဲ စိတ်ထဲနိုးကြားရှင်သန်လန်းဆန်းနေအောင် ကိုယ့်ကိုယ်ကိုယ် လှုံ့ဆော်ပေးဖို့လိုတယ်လို့ မစ္စတာကာနေဂျီက အသိပေးပြောဆိုခဲ့ပါတယ်။

၄။ မစ္စတာကာနေဂျီဟာ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်ကို အကောင်အထည်ဖော်ဖို့အတွက် လိုက်နာရမယ့်စည်းမျဉ်းတွေနဲ့ နားလည်ထားရမယ့်အချက် ၁၀ ချက်ကို ခွဲခြားဖော်ပြ ပေးခဲ့ပါတယ်။

သူဖော်ပြခဲ့တဲ့အချက် ၁၀ ချက်ကတော့ ကိုယ်ပိုင်လုပ်နည်း လုပ်ဟန်တွေအတွက် အချက် ငါးချက်နဲ့ စိတ်ကူးစိတ်သန်းတွေကို အကောင်အထည်ဖော်ဖို့ အချက် ငါးချက်တို့ပဲ ဖြစ်ပါတယ်။

၅။ ကမ္ဘာ့နိုင်ငံအသီးသီးက အသက်အပိုင်းအခြားမျိုးစုံသော လူသားတွေရဲ့ တိုးတက်အောင်မြင်မှုတွေအတွက် ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်မှာ အပြည့်အဝတာဝန်ရှိတယ်ဆိုတဲ့အချက်ကို ကာနေဂျီက အဓိကအသိပေးဖော်ပြခဲ့ပါတယ်။

၆။ ကာနေဂျီက ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်တွေ ရှင်သန်လာစေဖို့ ရည်မှန်းချက် ထားရှိပြီးတဲ့ကိစ္စတွေအပေါ် အာရုံစူးစိုက်မှုတွေ မပြတ်ရအောင် သတိပေးထားပါတယ်။

mgyoe.com

mgyoe.com


၇။ မစ္စတာကာနေဂျီက အမေရိကရဲ့အနာဂတ်ကာလအခြေအနေတွေကို ခွဲခြမ်းစိတ်ဖြာ အဖြေထုတ်ပေးတယ်။
အမေရိကန်နိုင်ငံသားတွေဟာ နိုင်ငံသားအခွင့်အရေး အပြည့်ရရှိသူတွေဖြစ်သလို ချမ်းသာကြွယ်ဝတဲ့နိုင်ငံမှာ အဘက်ဘက်က လိုလေသေးမရှိ ပြည့်စုံမှုရှိနေတာကြောင့် နိုင်ငံအတွက် ဦးဆောင်နိုင်သော အရည်အချင်းတွေ ထပ်ဖြည့်ဆည်းလို့ မကုန်နိုင်လောက်သော အခွင့်အရေးတွေကိုသာ ဆက်တိုက်လိုလားသူတွေဖြစ်လာနိုင်တယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

၈။ မစ္စတာကာနေဂျီက လူတိုင်း ကိုယ့်ကိုယ်ကိုယ် ဘဝမြင့်တက်အောင် ကြိုးစားလုပ်ဆောင်ဖို့ လိုအပ်ကြောင်း၊ ဘဝတစ်သက်တာအတွင်း အမှတ်မထင် ကြုံတွေ့ရတတ်သော အခွင့်အရေးကောင်းတွေကို လက်လွှတ်မခံဘဲ အမိအရဆုပ်ကိုင်နိုင် အသုံးချနိုင်ဖို့ လိုအပ်ကြောင်း၊ ဘဝအောင်မြင်မှုအတွက် စိတ်ကူးစိတ်သန်းကောင်းတွေနဲ့ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်တွေ လိုအပ်ကြောင်း မိမိရဲ့ မှန်ကန်သော ကြိုးစားအားထုတ်မှုတွေအပေါ် မျှော်လင့်ချက်ကောင်းတွေထားရှိဖို့ လိုအပ်ကြောင်း အသိပေးဖော်ပြထားပါတယ်။

၉။ ဆင်းရဲမွဲတေခြင်းကနေ ချမ်းသာကြွယ်ဝခြင်းအခြေအနေကို ကူးပြောင်းနိုင်ဖို့ ကိုယ်ပိုင်မှုတွေ ချမှတ်ပြီး ဆောင်ရွက်ဖို့လိုတဲ့ အကြောင်း သူက သတိပေးပြောခဲ့ပါတယ်။

၁၀။ မစ္စတာကာနေဂျီက ဘဝတစ်သက်တာအတွင်း တိုးတက်အောင်မြင်မှုတွေရရှိဖို့အတွက် အစီအစဉ်ချမှတ်ဆောင်ရွက်ရာမှာ လူမှုဆက်ဆံရေးလည်း ကောင်းမွန်ဖို့ လိုအပ်တယ်လို့ ဖော်ပြခဲ့ပါတယ်။

၁၁။ ဘဝအောင်မြင်မှု အမျိုးမျိုးအတွက် လူမှုဆက်ဆံရေးကလည်း အရေးပါသောအခြေအနေမှာရှိနေကြောင်း၊ လူမှုဆက်ဆံရေး

mgyoe.com

mgyoe.com



ကောင်းခြင်းတွေကတစ်ဆင့် ဘဝတိုးတက်အောင်မြင်ရေးအတွက် အခွင့်အရေးကောင်းတွေ ရရှိမှာဖြစ်ကြောင်း အသိပေးဖော်ပြခဲ့ပါတယ်။

၁၂။ လူတစ်ဦးစီမှာဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်တွေ ကိုယ်စီပိုင်ဆိုင်ထားပြီဆိုရင် ကိုယ့်စိတ်ကို ကိုယ်တိုင်ပိုင်ဆိုင်နိုင်ပြီး မိမိကောင်းကျိုးအတွက်ဖြစ်စေ၊ အများကောင်းကျိုးအတွက်ဖြစ်စေ၊ လိုအပ်သလို ပုံသွင်းအကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ မစ္စတာကာနေဂျီက အသိပေးပြောဆိုခဲ့ပါတယ်။

မစ္စတာကာနေဂျီရဲ့ ခွဲခြမ်းစိတ်ဖြာလေ့လာမှုတွေအရ ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်အားကောင်းရင် ကောင်းသလို ဘယ်သူမဆို ကိုယ့်စိတ်ကိုယ်ပိုင်ပြီး ကမ္ဘာလောကကိုလည်း ကောင်းမွန်သော အခြေအနေတစ်ခုအဖြစ် အသွင်ပြောင်းလဲပေးနိုင်မှာ ဖြစ်ပါတယ်။

ဘယ်သူမဆို ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်ကို ပိုင်ဆိုင်ထားပြီဆိုရင် လူတစ်ဦးချင်းအလိုက် တိုးတက်အောင်မြင်နိုင်ခြေရှိတဲ့ အခွင့်အရေးတွေကို လေ့လာနိုင်သလို ကြိုးစားအားထုတ်မှုတွေ လျော့နည်းလာတဲ့လူတွေများပြားလာခြင်းကြောင့် ဖြစ်လာနိုင်တဲ့ အခြေအနေအကြောင်းတရားတွေကိုပါ ကြိုတင်တွက်ချက်နိုင်တော့မှာ ဖြစ်ပါတယ်။

လောကနိယာမအရ သေးငယ်သောမီးတောက်ဟာ အပူပမာဏနှင့် အလင်းပမာဏအနည်းငယ်ကိုသာ ထုတ်လုပ်ပေးနိုင်ပြီး ကြီးမားတဲ့မီးတောက်ကတော့ များပြားသော အပူဓာတ်နှင့်လင်းအားကို ပိုမိုထုတ်လုပ်ပေးမှာ ဖြစ်ပါတယ်။

ဒီသဘောတရားအတိုင်း အရည်အချင်းနှင့် အရည်အသွေး ညံ့ဖျင်းသူတွေဟာ အရည်အသွေးညံ့ဖျင်းပြီး ဈေးပေါသော ထုတ်ကုန်တွေကိုသာ ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။

mgyoe.com

mgyoe.com



✱ ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်ကို အသုံးချခြင်းကြောင့် ရရှိလာနိုင်သော အခွင့်အရေးကောင်းများကို နားလည်ခြင်း

စိတ်ကူးစိတ်သန်းကောင်းတွေဖြစ်စေ၊ အတွေးအမြင်ကောင်းတွေဖြစ်စေ တိုးတက်အောင်မြင်မှုဆီ ဦးတည်နေသော အခြေခံ အရင်းအမြစ်ကောင်းတွေ ဖြစ်ပါတယ်။ အထူးသဖြင့် ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်တွေနဲ့ ဖန်တီးနိုင်စွမ်းပါသော စိတ်ကူးစိတ်သန်းတွေကို အသုံးချနိုင်စေဖို့ လိုအပ်သလို လေ့လာသင်ယူမှုတွေနဲ့ ခွဲခြမ်းစိတ်ဖြာ အဖြေရှာမှုတွေကို အနည်းငယ်တင်ပြပေးလိုပါတယ်။

(a) နိုင်ငံအလိုက် နေ့စဉ်ထုတ်ဝေသော သတင်းစာတွေထဲမှာ ဟာသကာတွန်းအစီအစဉ်တွေ ပါရှိခြင်းဖြင့် ကျွန်ုပ်တို့အတွက် ပညာရစရာ သင်ခန်းစာရစရာ ဖြစ်စေတဲ့အပြင် စိတ်ပျော်ရွှင်မှုရစေတဲ့ ဖျော်ဖြေမှုအဖြစ်ပါ ကောင်းကျိုးပြုတာ တွေ့ရပါတယ်။

ဒါကြောင့် ဟာသကာတွန်းတွေကို ဖျော်ဖြေရေးနဲ့ ပညာပေးရေးတို့ နှစ်မျိုးပေါင်းစပ်ထားတဲ့ လေ့လာစရာတွေအဖြစ် သတ်မှတ်ပေးနိုင်ပါတယ်။

ဟာသကာတွန်းတင်ဆက်မှု အစီအစဉ်တွေကိုလေ့လာတဲ့အခါ အချို့က ဟာသမြောက်သောစကားအသုံးအနှုန်းတွေ တင်ဆက်ပေးနိုင်တဲ့ စိတ်ကူးစိတ်သန်း အားကောင်းတဲ့အပြင် ကာတွန်းရုပ်ပုံတွေကို သရုပ်ဖော်ရေးဆွဲရာမှာလည်း ကျွမ်းကျင်မှုရှိနေတတ်ပါတယ်။

အချို့ကတော့ ဟာသမြောက်သော စကားအသုံးအနှုန်း ဖော်ပြမှုအတွက် စိတ်ကူးစိတ်သန်းကောင်းတွေရှိနေသော်လည်း ကာတွန်းရေးဆွဲတင်ပြမှုအတွက် ကျွမ်းကျင်မှုအားနည်းတတ်တာ တွေ့ရပါတယ်။

ကာတွန်းဆရာတွေအနေနဲ့ သူတို့မှာရှိသော ဟာသဉာဏ်နဲ့ စိတ်ကူးကောင်းတွေကို ပေါင်းစပ်ပြီး ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်

mgyoe.com

mgyoe.com



တွေအဖြစ် လက်တွေ့အသုံးချနိုင်တာကို လေ့လာတွေ့ရှိရပါတယ်။

ဟာသကာတွန်းရေးဆွဲသူတွေဟာ သူတို့ရောက်ရှိနေတဲ့ ခေတ်ကာလအခြေအနေအရပ်ရပ်ကို ထင်ဟပ်စေမယ့် စိတ်ကူးအတွေးအခေါ်တွေကို ထုတ်ဖော်ပေးတာ၊ သူတို့မှီတင်းနေထိုင်ရာနိုင်ငံနဲ့ စိုးမိုးအုပ်ချုပ်သော အစိုးရရဲ့မူဝါဒတွေ၊ နိုင်ငံရဲ့စီးပွားရေးအခြေအနေတွေနဲ့ ပတ်သက်ပြီး ပကတိမြင်တွေ့နားလည်နိုင်စေတဲ့ အဖြစ်အပျက်တွေကို ပီပြင်စွာပုံဖော်ပေးသူတွေ ဖြစ်ပါတယ်။ ဟာသကာတွန်းရေးဆွဲခြင်းကြောင့် သူတို့အတွက် စီးပွားဥစ္စာရရှိသည်ဖြစ်စေ မရသည်ဖြစ်စေ သူတို့ကျင်လည်ကျွမ်းဝင်ရာ နယ်ပယ်မှာ အောင်မြင်စွာ ရပ်တည်နေသူတွေ ဖြစ်ပါတယ်။

ဟာသကာတွန်းဆရာတစ်ယောက်မှာ ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်တွေ ရှိနေပြီဆိုရင် သူကျွမ်းကျင်ရာနယ်ပယ်မှာ သူ့စိတ်ကို သူပိုင်နိုင်စွာနဲ့ ရည်မှန်းချက်တွေကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်တော့မှာ ဖြစ်ပါတယ်။

(b) ရေဒီယိုနဲ့ ရုပ်သံအစီအစဉ်တွေဟာလည်း ကျွန်ုပ်တို့အတွက် ဖျော်ဖြေမှုသက်သက်ပေးရုံမကဘဲ ပညာဗဟုသုတတွေ မျှဝေပေးတဲ့ ကျွန်ုပ်တို့ရဲ့ဦးနှောက်ကို မှန်ကန်သောပုံစံဖြင့် အလုပ်လုပ်စေတဲ့ အစီအစဉ်တွေဖြစ်ပါတယ်။ ရေဒီယိုရုပ်သံအစီအစဉ်တွေမှာလည်း ကျွန်ုပ်တို့အတွက် စိတ်အပန်းလည်းပြေစေ၊ သင်ခန်းစာနဲ့ အသိပညာဗဟုသုတလည်း ရစေတဲ့ 'ဟာသ' အစီအစဉ်တွေ ပါရှိနေတတ်ပါတယ်။

သက်ဆိုင်ရာနိုင်ငံအလိုက် လက်တွေ့ကျင့်သုံးသော မူဝါဒတွေအပေါ် မူတည်ပြီး နေ့စဉ်ထုတ်သတင်းစာတွေ၊ ရေဒီယိုနဲ့ရုပ်သံ အစီအစဉ်တွေက နိုင်ငံသားတွေရဲ့ နေ့စဉ်ဘဝကို ထင်ဟပ်စေမယ့် ဇာတ်လမ်းဇာတ်ကွက်တွေကိုလည်း တင်ပြပေးလျက်ရှိတာ တွေ့ရပါတယ်။

သက်ဆိုင်ရာနိုင်ငံအလိုက် နေ့စဉ်စီစဉ်တင်ဆက်နေကျဖြစ်သော

mgyoe.com

mgyoe.com



သတင်းစာ၊ ရေဒီယိုနဲ့ရုပ်သံအစီအစဉ်အခင်းအကျင်း အားလုံးကိုလည်း ဖန်တီးနိုင်စွမ်းပါသောအတွေးအမြင်တွေနဲ့သာ တည်ဆောက်ထားတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်ခုစီအလိုက် ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်တွေ ထွန်းကားလာစေဖို့ မျိုးဆက်သစ်လူငယ်တွေကိုသာမကဘဲ အရွယ်မရောက်သေးတဲ့၊ ကျောင်းနေအရွယ်ကလေးတွေကိုပါ စတင်ပျိုးထောင်ပေးဖို့ လိုပါတယ်။

ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်တွေကို လက်တွေ့အသုံးချနိုင်တဲ့ မျိုးဆက်သစ်လူငယ်၊ ကလေးတွေအတွက် အနာဂတ်ကာလတစ်လျှောက် အခွင့်အရေးကောင်းနဲ့ အခွင့်အရေးသစ်တွေက လက်ကမ်းကြိုဆိုနေကြမှာဖြစ်ပါတယ်။

(င) ကျွန်ုပ်တို့လို အရွယ်ရောက်ပြီးသားလူကြီးတွေအတွက် ဟာသကာတွန်းဇာတ်လမ်းဇာတ်ကွက်တွေနဲ့ သတင်းစာထဲမှာပါရှိသော (သို့) ရုပ်သံအစီအစဉ်မှာ ပါရှိသော ဇာတ်လမ်းဇာတ်ကွက်တွေက ပညာပေးခြင်း၊ သင်ခန်းစာပေးခြင်းအပြင် စိတ်ပျော်ရွှင်မှုအတွက် ဖျော်ဖြေမှုကိုပါ ဖြစ်စေတတ်ပါတယ်။

အလားတူ ကလေးတွေအတွက် ပညာရစရာ၊ သင်ခန်းစာရစရာတွေအပြင် ဖျော်ဖြေမှုကိုပါဖြစ်စေတဲ့ ပုံပြင်စာအုပ်တွေ ရှာဖွေစုဆောင်းဖတ်ရှုစေခြင်းဖြင့်လည်း သင်ခန်းစာယူစရာ ဖျော်ဖြေစရာတွေ ဖြစ်စေပါလိမ့်မယ်။

ကလေးတွေကို ပုံပြင်စာအုပ်တွေ များစွာဖတ်ရှုစေခြင်းဖြင့် မိဘတွေက သူတို့ရဲ့သားသမီးတွေအပေါ် ဘယ်လိုကိုင်တွယ်ထိန်းကျောင်းရမယ်ဆိုတာကိုပါ ကောင်းစွာနားလည်စေမယ်လို့ ပညာရှင်တွေက ဆိုပါတယ်။

mgyoe.com

mgyoe.com



(d) ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်တွေကို ပိုင်ဆိုင်ထားတဲ့ လူတွေဟာ အရာရာ၊ ကိစ္စတိုင်း၊ ပြဿနာတိုင်းကို ကိုင်တွယ်ဖြေရှင်းနိုင်စေမယ့် ထိရောက်သော နည်းလမ်းတွေကို တီထွင်ကြံဆနိုင်စွမ်းရှိပြီး လိုအပ်ချက်ရှိတဲ့နေရာတွေမှာ ဖြည့်စွမ်းပေးနိုင်ကြပါတယ်။ အမေရိကန်မြို့ကြီးပြကြီးတိုင်းရဲ့ အချက်အချာကျသောနေရာ အတော်များများမှာ လောင်စာဆီအရောင်းဆိုင် အတော်များများကို အစီအရီပေါင်းများစွာ ဖွင့်ပေးထားတာ တွေ့မြင်နိုင်ပါတယ်။

အဲဒီလောက် လောင်စာဆီဖြည့်နိုင်မယ့် ဆီဆိုင်အတော်များများကို လေ့လာပါက လာရောက်ဆီဖြည့်တဲ့မော်တော်ကားတွေ အဆင်ပြေစွာ ရပ်နားနိုင်ဖို့ ကားပါကင်ဧရိယာကို ကျယ်ဝန်းစွာ ထားရှိပေးတာကို တွေ့မြင်ရပါတယ်။

ဒီလိုလုပ်နိုင်ခြင်းဟာ ဖန်တီးနိုင်စွမ်းပါတဲ့ အတွေးအမြင်တွေ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်စွမ်းရှိစေတဲ့ စိတ်ကူးစိတ်သန်းတွေကြောင့်သာဖြစ်တာကို ငြင်းလို့မရပါဘူး။

ကားပါကင် အပိုထားရှိပေးထားတဲ့ လောင်စာဆီအရောင်းဆိုင်တွေဟာ ဆီထည့်ဖို့ လာရောက်သော ကားတွေသာမကဘဲ သွားလာရင်း ခေတ္တကားရပ်နားနိုင်စေဖို့အတွက် အထူးရည်ရွယ်တည်ဆောက်ထားတာဖြစ်ပါတယ်။ အဲဒီလို အစီအစဉ်အခင်းအကျင်းရှိတဲ့ လောင်စာဆီဆိုင်တွေဟာ ဆိုင်ရဲ့ ခြံဝင်းပိုင်နက်အတွင်း လူတွေ အများဆုံးအသုံးပြုလေ့ရှိတဲ့၊ နေ့စဉ်အသုံးလိုနေကျပစ္စည်းတွေကို ကားရပ်နားသူတွေ ဝယ်ယူနိုင်အောင် စတိုးဆိုင်ဖွင့်ပေးထားတာကို တွေ့ရပါသေးတယ်။

ဒီအခါ မိမိတို့ကားအတွက် လောင်စာဆီဖြည့်ရင်း၊ လမ်းခရီးမှာ အသုံးလိုမယ့်ပစ္စည်းနဲ့ သရေစာအခြောက်တွေကိုပါ တစ်ခါတည်း ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

mgyoe.com

mgyoe.com



ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်တွေနဲ့ လက်တွေ့အကောင်အထည်ဖော်နိုင်သော စိတ်ကူးစိတ်သန်းတွေကြောင့် တီထွင်ကြံဆနိုင်စွမ်းတွေရရှိပြီး နည်းလမ်းသစ်တွေတစ်ခုပြီးတစ်ခု အသုံးချနိုင်သူတွေဟာ တိုးတက်အောင်မြင်ကြီးပွားမှုအဆင့်ကို အချိန်တိုအတွင်း ရောက်အောင်သွားနိုင်သူတွေသာ ဖြစ်ပါတယ်။

(e) ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်ရဲ့ကျေးဇူးကြောင့် ယာဉ်အသွားအလာဆိုင်ရာပြဿနာတွေ၊ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်မတော်တဆထိခိုက်ခြင်းပြဿနာတွေကိုပါ လျော့ကျစေရုံမက ဘေးကင်းလုံခြုံရေးအစီအစဉ်တွေကိုပါ ဆောင်ရွက်လာနိုင်တာ တွေ့ရပါတယ်။

အမေရိကန်အတွင်း ယာဉ်မတော်တဆထိခိုက်မှုကြောင့် သေဆုံးသူဦးရေဟာ နှစ်စဉ် ၃၆,၀၀၀ ကျော်အထိရှိတယ်လို့ စာရင်းဇယားတွေက ဆိုပါတယ်။ ဒါကြောင့် ဟိုက်ဝေးလမ်းနှင့် မြို့တွင်းလမ်းတွေအပေါ် ထိရောက်စွာ ထိန်းချုပ်နိုင်စေဖို့ ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်ရှိတဲ့ အင်ဂျင်နီယာတွေက ပူးပေါင်းဆောင်ရွက်ဖြေရှင်းမှုတွေ များစွာပြုလုပ်ခဲ့ပါတယ်။ ဖန်တီးနိုင်စွမ်းရှိတဲ့ အတွေးအမြင်ကြောင့် မော်တော်ယာဉ်တွေ ဘေးကင်းစွာ သွားလာနိုင်အောင် အချက်ပြမီးပွိုင့်တွေ၊ လမ်းကွေ့လမ်းဖြတ်တွေ စနစ်တကျ တည်ဆောက်ပြီး ဖြစ်လာနိုင်တဲ့ ပြဿနာတွေကို ကြိုတင်ကာကွယ်ပေးနိုင်ခဲ့တယ်။

မီးရထားလမ်းတွေမှာလည်း အချက်ပြစနစ်တွေ အဆင်ပြေအောင် တပ်ဆင်အသုံးပြုနိုင်ခဲ့တာ တွေ့ရတယ်။

ခေတ်ကာလအပြောင်းအလဲတွေကြောင့် နည်းပညာတိုးတက်မြင့်မားလာတာမဟုတ်ဘဲ နည်းပညာအပြောင်းအလဲနဲ့ တိုးတက်မြင့်မားသောပညာရပ်တွေ ဆန်းသစ်တဲ့တီထွင်မှုတွေကြောင့်သာ ခေတ်ကာလအပြောင်းအလဲတွေ ဖြစ်ပေါ်လာရပါတယ်။ လူသားတစ်ဦးမှာရှိတဲ့

mgyoe.com

mgyoe.com


ဖန်တီးနိုင်စွမ်းပါသော အတွေးအမြင်တွေ၊ လက်တွေ့ အကောင်အထည် ဖော်နိုင်သော စိတ်ကူးစိတ်သန်းကောင်းတွေကြောင့် လူအများအတွက် ကောင်းကျိုးပြုနိုင်တဲ့လုပ်ငန်းကြီးတွေကို လက်တွေ့အကျိုးရှိစွာ အကောင် အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်တွေ၊ လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်နိုင်သော စိတ်ကူးစိတ်သန်းကောင်းတွေကြောင့် မော်တော်ကားလမ်းတွေ တည်ဆောက်ရာမှာ ရာသီဥတုပြောင်းလဲမှုဒဏ် ကို ခံနိုင်ရည်ရှိဖို့ စိုစွတ်သောရာသီကာလအတွင်း ချောမွတ်နေသောလမ်း ပေါ်၌ အန္တရာယ်ကင်းစွာ သွားလာနိုင်အောင် လမ်းမျက်နှာပြင်များအား သေချာစွာစီမံတည်ဆောက်ခြင်းတွေ ပြုလုပ်တတ်ကြပါတယ်။

ဖန်တီးနိုင်စွမ်းရှိသော အတွေးအမြင်နဲ့ လက်တွေ့အကောင် အထည်ဖော်နိုင်သော စိတ်ကူးစိတ်သန်းရှိတဲ့သူတွေဟာ ကျွမ်းကျင်ရာ နယ်ပယ်အလိုက် မိမိရဲ့လုပ်ငန်းတာဝန်ကို သေချာစွာ တာဝန်ယူ ဆောင်ရွက်တဲ့အခါ လက်တွေ့ကောင်းကျိုးအမျိုးမျိုးကို ရရှိစေပါတယ်။

အဆောက်အအုံတည်ဆောက်လိုသူတွေအနေနဲ့ အုတ်ခဲအမျိုး အစားသစ်တွေကို အသုံးမပြုခင် လေ့လာစစ်ဆေးမှု ပြုလုပ်သင့်ပါတယ်။

အုတ်ခဲတွင် ပါဝင်သော ဓာတုဗေဒပစ္စည်းတွေက အုတ်ခဲကို ရေစိမ်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း ရှိမရှိ စစ်ဆေးမှုက အိမ်၏အုတ်နံရံ တည်ဆောက်မှုအတွက် အရေးပါသော ကြိုတင်စစ်ဆေးမှုသာ ဖြစ်ပါ တယ်။

အုတ်ခဲထုတ်လုပ်ရောင်းချသူတွေအနေနဲ့ မိမိတို့ထုတ်ကုန်ပစ္စည်း ရဲ့အရည်အသွေးကောင်းမွန်စေဖို့ အစဉ်အမြဲကြိုးစားနေဖို့ လိုအပ်သလို ဈေးကွက်အတွင်း ဆောက်လုပ်ရေးလောကသားတွေရဲ့ ယုံကြည် အားကိုးမှုတွေ အမြဲရရှိအောင်နဲ့ အရည်အသွေးမီပြီး အဆင့်အတန်းမြင့်

mgyoe.com